# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၈၄)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၁-၂-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဟားခါးမြို့၌ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပ
# ယာယီနေရပ်စွန့်ခွာမိသားစုများအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ချင်းပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ချင်းအမျိုးသားနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ဟားခါး ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဟားခါးတပ်နယ် အားကစားကွင်း၌ ကျင်းပသည့် (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရှေ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်တို့က (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို စတင်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာအလိုက် နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် သဘာပတိခေါင်းဆောင် ဦးကောလ်လျန်ထန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးမဟာသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က ချင်းပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒေါက်တာသက်ခိုင်ဝင်းတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်)ရရှိသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ခွန်သန့်ဇော်ထူးနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့က

**စာမျက်နှာ ၁၀ သို့ ⌘**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀

**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ သောကြာနေ့။**

မန္တလေး

## စိတ်ပူပန်လွန်းလျှင် မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့စေနိုင်

လောကတွင် လူတိုင်းလူတိုင်း စိတ်ပူတတ်တာ မကောင်းပါ။ ပူပန်နေသောစိတ်က အခြေအနေမှန်ကို မြင်နိုင်မည်မဟုတ်ပါ။ ပူပန်နေသော စိတ်ကြောင့် အရာရာကို တည်တည်ငြိမ်ငြိမ်နှင့် မဆောင်ရွက်နိုင်ပါ။ ပူပန်သောစိတ်သည် အမှားများကို ပြုမိစေတတ်ပါသည်။ စိတ်ပူပန်တတ်ခြင်းသည် မိမိကိုယ်မိမိ ယုံကြည်စိတ်ကိုလည်း ကင်းမဲ့စေပါသည်။ စိတ်ပူတတ်ခြင်းသည် လူ၏ကျန်းမာရေးကိုပါ ထိခိုက်စေပါသည်။ စိတ်ပူတတ်သောသူသည် ပြဿနာနှင့် ရင်ဆိုင်ရသည့်အခါ အခြေအနေမှန်ကို မမြင်တတ်၊ မသိတတ်တော့ပါ။

ထို့ပြင် စိတ်ပူခြင်းနှင့်အတူ စိုးရိမ်ခြင်း၊ သောကဖြစ်ခြင်း၊ တွေဝေခြင်းတို့ဖြစ်တတ်သည်။ စိတ်ကို အေးအေးထားမှသာ အဖြစ်အပျက်နှင့် အခြေအနေမှန်တို့ကို သိမြင်နိုင်မည်ဖြစ်သည်။ စိတ်ပူခြင်းကြောင့် ပြဿနာ၏ အကြောင်းအရင်း၊ ပြဿနာ၏ အဖြေကို ရှာနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် စိတ်ပူတတ်ခြင်းသည် မကောင်းပါ။

စိတ်ပူပန်တတ်သောသူသည် စိုးရိမ်စိတ်များဖြင့် ပျာယီးပျာယာလုပ်ကိုင်ဆောင်ရွက်တတ်သည်။ ပြုသင့်သည်ကို မပြုမိဘဲ မပြုသင့်သည်ကို ပြုမိတတ်သည်။ စိတ်ပူတတ်လွန်း၍ အမှားမှား အယွင်းယွင်းနှင့် ရင်ဆိုင်ရတတ်သည်။ မကြာမီ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ မိမိဘဝကို အဆုံးအဖြတ်ပေးမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲခန်းတွင် စိုးရိမ်ပူပန်စိတ်များနေပါက ကျက်မှတ်ထားသောစာများ မေ့လျော့ကုန်တတ်သည်။ စိုးရိမ်စိတ်များခြင်းကြောင့် အမှားမှားအယွင်းယွင်း ဖြေဆိုတတ်သည်။ စိုးရိမ်စိတ်ကို လျှော့ချကာ ကျက်မှတ်ပြီးသား စာများကို အေးအေးဆေးဆေးဖြေဆိုသင့်သည်။

စိတ်ပူတတ်သူသည် မိမိကိုယ်မိမိ ယုံကြည်မှုလည်း ကင်းမဲ့လာတတ်သည်။ ငါလုပ်တာဖြစ်ပါ့မလား၊ အောင်မြင်ပါ့မလား၊ အဆင်ပြေပါ့မလားဟူ၍ စိုးရိမ်စိတ်ဖြင့် သံသယဖြစ်တတ်ပါသည်။ ထိုသံသယစိတ်သည်လည်း မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းလာစေတတ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်ပူပန်လွန်းလျှင် မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့စေနိုင်ပါသည်။ သည်စာကို ငါကျက်လို့ရပါ့မလား၊ သည်သင်္ချာကို ငါတွက်လို့ရပါ့မလားဟူသော သံသယစိတ်နှင့် ပူပန်နေလျှင် မိမိယုံကြည်ချက်ပျောက်ဆုံးနိုင်သည်။

စိတ်ပူတတ်ခြင်းသည် လူတိုင်းအတွက် ကျန်းမာရေးကိုပါ ထိခိုက်စေပါသည်။ စိတ်ပူတတ်ခြင်းသည် ပူပင်သောကများပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများ ဝင်လာတတ်သည်။ စိတ်ပူပန်ခြင်းကြောင့် ရှင်လန်းတက်ကြွမှုလျော့နည်းလာမည်။ သောကကြောင့် ပူပန်နေသော အပြုအမူမျိုးကို တွေ့စေနိုင်သည်။ "စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမည်" ဆိုသော စကားရှိသည်။ လူတိုင်းလူတိုင်း ကျန်းမာအသက်ရှည်စွာနေထိုင်နိုင်ဖို့ ပူပန်သောကစိတ်များကို ပယ်ဖျောက်ထားရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း ပူပန်နေသောစိတ်သည် အခြေအနေမှန်ကို မသိနိုင်၊ မမြင်နိုင် အရာရာကိုလည်း တည်တည်ငြိမ်ငြိမ်နှင့် ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့် အမှားများကို ပြုမိစေတတ်ပါသည်။ စိတ်ပူပန်လွန်းလျှင် မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့စေနိုင်ပြီး ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ကြောင်း ရေးသားလိုက်ရပေသည်။

## ရတနာပုံတက္ကသိုလ်(၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် တတိယအကြိမ် သံဃာတော်(၁၀၈)ပါး ဆွမ်းဆန်စိမ်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၂၀**

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျရောက်မည့် ရတနာပုံတက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍ ပါမောက္ခချုပ်အမှူးပြုသော သင်ကြား၊ စီမံမိသားစုများ စုပေါင်း၍ အမရပူရမြို့နယ်အတွင်း၌ သီတင်းသုံးတော်မူကြသည့် သံဃာတော်(၁၀၈)ပါးအား တတိယအကြိမ် ဆွမ်းဆန်စိမ်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ ပင်မဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

(အပေါ်ယာပုံ)

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသုဓနာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသုဓနာဘိဝံသက အနုမောဒနာတရားချီးမြှင့်ခဲ့ပြီး ပါမောက္ခချုပ်အမှူးရှိသော အလှူရှင် ဒေ့ါ ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်ပြီး ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ စေတနာရှင်၊ အလှူရှင်များက သံဃာတော် အပါး ၁၀၈ ပါးအား ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများကို စေတနာသဒ္ဒါထက်သန်စွာဖြင့် စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

(၀၈၂)

၀-၀-၀-၀-၀

## ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနမှ အာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး




**မန္တလေး ဖေဖော်ဝါရီ ၂၀**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် ကျင်းပသည်။

ထိုသို့ ခွင့်ပြုထုတ်ပေးရာတွင် ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် နောင်ချိုမြို့နယ်ရှိ အမှတ်(၁)ဆင်းရွှေလီသကြားစက်(ဆမ္မဆယ်)မှ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးစိုးမြင့်၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၆၆၀၀၀၀၀ ကို တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်ကြည်ကြည်ထွန်းက ၎င်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းမြင့်အား ခွင့်ပြုထုတ်ပေးခဲ့သည်။ (ဓပုံ)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးရုံးခွဲများတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် ဌာနများမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးနှင့် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## အခြေခံသမဝါယမအသင်းများဖြင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးသည် ပုသိမ်ကြီးမြို့နယ်၊ သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမတွင် ယနေ့ နံနက် ၁၀ နာရီက အခြေခံသမဝါယမအသင်း အသင်းအမှုဆောင်များနှင့် တွေ့ဆုံ၍ သမဝါယမလုပ်ငန်းများအကြောင်း အကျယ်တဝင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသည် သမဝါယမဦးစီးဌာနအနေဖြင့် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နွေးစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ဝါ၊ နေကြာများ စိုက်ပျိုးရန်ကိစ္စရပ်များ၊ အခြေခံသမဝါယမအသင်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသင်းများဖွဲ့စည်းမှု မှန်ကန်စေရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့် အခြေခံသမဝါယမအသင်း ၃၉ သင်းမှ အသင်းအမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၉၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စက်မှုလုပ်ငန်း (Agro Base Industry)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်မီ စိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးရေး၊ မွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ယင်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်းကို လမ်းညွှန်မိန့်ကြားခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် မိမိတို့ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၌ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဇုန်များအလိုက် ထိုက်သင့်သည့် နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ဒေသအလိုက် လိုအပ်သောရေရရှိရေးအတွက် မိုးကောင်းသောက်ရေဆည်ရေမြေအောက်ရေ မြစ်ရေဟူ၍ နည်းလမ်းများရှိသဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက်မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပြီး လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်း လိုအပ်ချက်အလိုက် ဆိုလာစီမံကိန်းများ ဆောင်ရွက်နိုင်ကြောင်း။

ယင်းလုပ်ငန်းအတွက် ရင်းနှီးငွေလိုအပ်ပါက လိုအပ်သော စီမံကိန်းချေးငွေများကို ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော်က လမ်းညွှန်မှုပြုပြီး ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုများကို မိမိတို့ကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲ အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ ပြည်တွင်းပြည်ပ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိပါကလည်း လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ရာ၌ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော နည်းပညာ၊ လျှပ်စစ်ဓာတ်အား၊ အရင်းအနှီးတို့ကို ဖန်တီးပေးရန် အရေးကြီးပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၂၁ ချက်ကိုလည်း ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများမှ ချိတ်ဆက်မှုအားကောင်းကောင်းဖြင့် မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးကြရန်နှင့် အဆိုပါလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကိုလည်း ဝန်ကြီးဌာနတစ်ခုချင်း သာမက ဆက်စပ်ဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက ဝိုင်းဝန်းအကြံပြုသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(UMFCCI)နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တစ်နှစ်သုံးသီးသီးထပ်သီးနှံပုံစံ စမ်းသပ်စံပြစိုက်ကွင်းနှင့် သုတေသနစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မွေးမြူရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် များက ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့နမူနာပြခန်းများ၊ မျိုးစေ့ဘဏ်နှင့် စိုက်ပျိုးနည်းပညာပြန့်ပွားစေရေးနှင့် တောင်သူပညာပေး ထုတ်လွှင့်သည့် တောင်သူလယ်သမားကဏ္ဍ ရုပ်သံစတူဒီယိုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်း စာမေးပွဲများ ဖြေဆို

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကျောင်းသား၊ ကျောင်းသူများ နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်း စာမေးပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ ဖြေဆိုကြကြောင်း သိရသည်။

ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ နှစ်ဆုံးစာမေးပွဲများကို KG မှစ၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၂၅၈၅၂)ဦး၊ အလယ်တန်းအဆင့် Grade-6 မှ Grade-8 ကျောင်းသား၊ ကျောင်းသူ (၆၇၃၈)ဦး၊ အထက်တန်းအဆင့် Grade-10 မှ Grade-12 ကျောင်းသား၊ ကျောင်းသူ (၆၈၄၆)ဦးတို့က သက်ဆိုင်ရာအခြေခံပညာကျောင်းများတွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး ကျန်ရှိသောဘာသာရပ်များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ဆက်လက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ ကျန်ရှိသော Grade-5 နှင့် Grade-9 ကျောင်းသား၊ ကျောင်းသူများ၏ နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲများကို လာမည့် မတ်လ ၃ ရက်တွင် သက်ဆိုင်ရာ စာဖြေဌာနတို့၌ အသီးသီးဖြေဆိုကြရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(ချမ်းမြေ့)**

# မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အဖွဲ့ဝင်များ၏ အနားယူခြင်း၊ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးနှင့် အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ (သတ္တမ)အစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၀**





မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အဖွဲ့ဝင်များ၏ အနားယူခြင်း၊ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးနှင့် အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့ (သတ္တမ) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်၊ ဓမ္မမဟီဒ္ဒိ(၄-ထပ်)ကျောင်းဆောင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်ကြီးများနှင့် သံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်ခဲ့ပြီး အခမ်းအနားမှူး ဆရာတော်က သံဃာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထား၍ သဘာပတိဆရာတော်က အစည်းအဝေးဖွင့် ဩဝါဒ ကထာမြွက်ကြားပြီးနောက် အခမ်းအနား ပထမပိုင်းကို အစီအစဉ်အတိုင်း ကျင်းပသည်။

၎င်းနောက် အခမ်းအနား ဒုတိယပိုင်း၌ အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်အဖွဲ့(သတ္တမ) အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော တိုင်းဒေသကြီးအတွင်းမှ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် ဆရာတော်များ၏ တက်ရောက်ရာခိုင်နှုန်းကို ဖတ်ကြားလျှောက်ထား၍ အစည်းအဝေးထမြောက် အောင်မြင်ကြောင်း လျှောက်ထားပြီးနောက် သာသနဿ စ လောကဿ စသော နှစ်ဂါထာကို ရွတ်ဆို၍ အစည်းအဝေးကို ဖွင့်လှစ်ခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ရမည်းသင်းမြို့နယ်၊ ရန်အောင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ က ဩဝါဒ ကထာကို ချီးမြှင့်ပေးပြီးနောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက သာရဏီယ ဩဝါဒကထာ မိန့်ကြားတော်မူသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ ဩဝါဒများခံယူပြီးနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသဝသီရိက တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာနှင့် အထွေထွေဆောင်ရွက်ချက်များကို အကျဉ်းချုပ်လျှောက်ထား၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း (တတိယအသုတ်) သင်တန်းဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သားဖွားဆရာမများအား ကလေးအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်သင်ကြားပေးမည့် "မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း" (Training on Neonatal Resuscitation)(တတိယအသုတ်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားရှိ Hotel Hazel တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ သင်တန်းနည်းပြများဖြစ်ကြသည့် ဆေးတက္ကသိုလ်(မန္တလေး)၊ ကလေးကျန်းမာပညာဌာနမှ ဌာနမှူးနှင့်ဆရာ၊ ဆရာမများ၊ ကလေးဆေးရုံ ခုတင်(၅၅၀)နှင့် ခုတင်(၃၀၀)တို့မှ ဆေးရုံအုပ်ကြီးများနှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ တောင်သာ၊ ကျောက်ဆည်၊ သာစည်၊ ဝမ်းတွင်း၊ မြစ်သားမြို့နယ်တို့မှ သားဖွားဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများကိုယ်စား ဆေးတက္ကသိုလ်(မန္တလေး)၊ ကလေးကျန်းမာပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာကျော်မျိုးက ကြိုဆိုမိတ်ဆက်စကားပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြများနှင့် သင်တန်းသူများက အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်း သင်တန်းများကို ဒီဇင်ဘာ ၂၆ ရက်က သင်တန်းသူ(၁၄၇)ဦးအား ပထမအသုတ်အဖြစ်လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်က သင်တန်းသူ(၁၇၀)ဦးအား ဒုတိယအသုတ်အဖြစ်လည်းကောင်း၊ ယခုတတိယအကြိမ်သင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် သင်တန်းသူ(၁၇၀)ဦးအား လည်းကောင်း အသီးသီးဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကျန်ရှိသော သားဖွားဆရာမများအား မတ်လတွင် စတုတ္ထအသုတ်အဖြစ် ဆက်လက်ပို့ချသွားမည်ဖြစ်ကာ မွေးကင်းစ ကလေးသေနှုန်းလျော့ကျစေရေးနှင့် အရည်အသွေးပြည့်ဝသော သားဖွားဆရာမများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလ(၂)ရက်အတွင်း ကလေးအထူးကုဆရာဝန်ကြီး(၁၄)ဦးတို့က စာတွေ့တစ်ရက်၊ လက်တွေ့တစ်ရက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၉၃)**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ နှစ်ဆုံးစာမေးပွဲ စတင်ဖြေဆိုလျက်ရှိ

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ နှစ်ဆုံးစာမေးပွဲကို ယနေ့နံနက် ၉ နာရီက စတင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စာရင်းရှိ ၁၁၇၉၆ ဦး၊ ဖြေဆိုသူ ၁၁၇၈၄ ဦး၊ ပျက်ကွက် ၁၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စာရင်းရှိ ၃၈၆၅ ဦး၊ ဖြေဆိုသူ ၃၈၄၅ ဦး၊ ပျက်ကွက် ၂ ဦး၊ Grade 10 ကျောင်းသား၊ ကျောင်းသူ စာရင်းရှိ ၈၀၇ ဦး၊ ဖြေဆိုသူ ၈၀၅ ဦး၊ ပျက်ကွက် ၂ ဦး၊ Grade- 11 စာရင်းရှိ ၅၁၉ ဦး၊ ဖြေဆိုသူ ၅၁၉ ဦး၊ Grade 12 စာရင်းရှိ ၃၂၆ ဦး၊ ဖြေဆိုသူ ၃၁၂ ဦး၊ ပျက်ကွက် ၁၄ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြရာ Grade 5 နှင့် Grade 9 ကျောင်းသား၊ ကျောင်းသူများအား မတ်လ ၃ ရက်တွင် စတင်ဖြေဆိုသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**


# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၀ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ ရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။



မြန်မာ-ထိုင်း-တရုတ် နိုင်ငံတို့မှ တာဝန်ရှိသူများ ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်၌ တွေ့ဆုံစဉ်။

ယနေ့ လွှဲပြောင်းပေးခဲ့သည့် တရုတ်နိုင်ငံသားများကို ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး H. E. Mr. Phumtham Wechayachai၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yiနှင့် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်တို့သည် စနစ်တကျဖြစ်စေရေး ကြပ်မတ်ကြည့်ရှုကြပြီး မီဒီယာများနှင့် တွေ့ဆုံကာ လွှဲပြောင်းလက်ခံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မဲဆောက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ဆုံပြီး သုံးနိုင်ငံ ကြိုတင်ညှိနှိုင်း ဆွေးနွေးမှုများကြောင့် ပထမအကြိမ် တရုတ်နိုင်ငံသား ၂၀၀ ကို အချိန်တိုအတွင်း လွှဲပြောင်းနိုင်မှု အခြေအနေ၊ တတိယနိုင်ငံသားများ ပြန်လည်လွှဲပြောင်းနိုင်ရေး သက်ဆိုင်ရာ သံရုံးများမှ လာရောက်ခေါ်ဆောင်နိုင်ရန် ထိုင်းနိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေနှင့် သုံးနိုင်ငံအကြား လုပ်ငန်းစနစ်ထူထောင်မည့်ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် တရုတ်နိုင်ငံသားများ၏ ဖွင့်ဟဝန်ခံချက်များအရ အများစုသည် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်း (Telecom Fraud) ကိုယ်စားလှယ်များက ထိုင်း-မြန်မာ နယ်စပ်ရှိသောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ- KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် စေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။




တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား မဲဆောက်လေဆိပ်၌ တရုတ်နိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးအပ်ပွဲတွင် တက်ရောက်ကြသူများကိုတွေ့ရစဉ်။

အဆိုပါ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ လက်နက်ကိုင်အဖွဲ့အချို့ လှုပ်ရှားနေထိုင်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အခက်အခဲ၊ ကန့်သတ်ချက်များရှိခြင်းကို အခွင့်ကောင်းရယူကာ ကိုယ်ကျိုးစီးပွားရှာသူများက အွန်လိုင်းလောင်းကစားမှုများအပါအဝင် ဒုစရိုက်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်နိုင်ငံမှ တစ်ဆင့် ရယူခဲ့ကြခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအများစုကို ပြည်ပအဖွဲ့အစည်းများမှ လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။



မြန်မာ-ထိုင်း-တရုတ် နိုင်ငံတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၀ ထပ်မံထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၁၀ ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

## နေ့ချင်းပြီးဆောင်ရွက်

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၆၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

သတင်းစဉ်





မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

| ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ အနိုင်၊ အရှုံး (NGB) |
|---|
| အားကာ/သိပ္ပံ ၀ - ၅ သစ္စာအားမာန် |

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ကာဂျစ္စတန်အသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

နီပေါလေးနိုင်ငံဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကာဂျစ္စတန်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ကာဂျစ္စတန်အမျိုးသမီးအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ပထမပွဲတွင်လည်း လက်ဘနွန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူထားသလို၊ ယခုဒုတိယပွဲစဉ်တွင်လည်း ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းက ကာဂျစ္စတန်အသင်းအား အနိုင်ရသည့်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆု(Player of the Match)ကို ၂ ဂိုးသွင်းပြီး ၂ ဂိုး ဖန်တီးပေးခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီး ကွင်းလယ်ကစားသမား ယွန်းဝတီလှိုင်မှ ရရှိခဲ့ပါသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် လာမည့် ဖေဖော်ဝါရီ ၂၃ ရက်တွင် အိမ်ရှင် နီပေါအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)



## ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁ / ၂၀၂၅)
၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဧ-၁၂၇ တွင် ပါတီ ရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။


**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)**၏ မှတ်ပုံတင်အမှတ်မှာ (၅၆) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

မကွေး ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျောက်ဆောက်ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက် မီဒီယာများက သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။





အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်တွင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီးသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း မည်သည့်မီးလောင်ပျက်စီးမှု မရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ရာ နေရာများတွင် နေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် သတင်းတု၊ သတင်းအမှားများဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Rashmika က Chhaava ဇာတ်ကား မိတ်ဆက်ပွဲ တက်ရောက်လာ




ဘောလိဝုဒ်ရုပ်ရှင် Chhaava ဇာတ်ကားမိတ်ဆက်ပွဲသို့ ရာရှ်မီကာက လမ်းမလျှောက်နိုင်သည့်ကြားမှ ဗိုးချဲ့နှင့် မပျက်မကွက်တက်ရောက်လာခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိန္ဒိယတောင်ပိုင်းမင်းသမီးများအနက် ဘောလိဝုဒ်တွင် အချိန်တိုအတွင်း အောင်မြင်မှု ရရှိထားသည့် ရာရှ်မီကာသည် ခြေထောက်ဒဏ်ရာရရှိထားသော်လည်း ဟိုင်ဒရာဘတ်မှ မွန်ဘိုင်းအထိ ပွဲအတွက် ခြေတစ်ဖက်ထောက်နှင့်တက်ရောက်လာခဲ့ပြီး ပရိသတ်ကို တန်ဖိုးထားကြောင်း ပြသသွားသည်။

အဆိုပါရုပ်ရှင်တွင် မင်းသားဗစ်ကီနှင့် ရာရှ်မီကာတို့ အဓိကပါဝင်ထားပြီး ဖေဖော်ဝါရီလ ၁၄ ရက်တွင် ရုံတင်ပြသခဲ့သည်။ ယင်းရုပ်ရှင်ကို မရာထီဝတ္ထုကို မှီငြမ်းရိုက်ကူးသည့် ဒါရိုက်တာလပ်မန်းအူတီကာက ဖန်တီးထားကာ ၁၉၉၀ ခေတ်မင်းသားအရှေးခန်နာ အထူးပါဝင်သရုပ်ဆောင်ထားသည်။

(SKY)

0-0-0-0-0-0



## Ju Ji Hoon ၏ The Trauma Code:Heroes on Call ရုပ်ရှင်ပရိသတ်အားပေးထားကြ

၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာသည့် ရုပ်ရှင် The Trauma Code:Heroes on Call တွင် ဂျူဂျီဟွန်းနှင့် ချာယောင်ဝူးတို့ အဓိကပါဝင်ထားပြီး ပရိသတ်ကြားရေပန်းစား အားပေးမှုများစွာ ရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ကျွမ်းကျင်ထက်မြက်၍ ကမ္ဘာတစ်ဝန်းပဋိပက္ခဇုန်များတွင် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့သည့် ဆရာဝန်တစ်ဦး၊ ယုံကြည်မှုအပြည့်နှင့် မှန်သည်ထင်လျှင် နောက်မဆုတ်တတ်သူဖြစ်ကာ တက္ကသိုလ်ဆေးရုံ၏ပြင်းထန်ဒဏ်ရာကုသမှုဌာနသို့ ရောက်ရှိခဲ့သည်။

ယင်းဌာနတွင် ထူးခြားသည့်ခွဲစိတ်မှုနှင့်ကျွမ်းကျင်မှုများ ထူးချွန်သည့် အရည်အချင်းများကြောင့် နာမည်ကြီးခဲ့ရာမှ တိုက်ခိုက်ဝေဖန်မှုများစွာနှင့် ရှေ့ဆက်ခဲ့ပြီး "သူ့ဘဝတွင် ဖခင်ကို နောက်ဆုံးအချိန်ထိ အသက်ကယ်ပေးခဲ့သည့် ဆရာဝန်တစ်ဦးကို အားကျ၍ ဆရာဝန်ဖြစ်ခဲ့သဖြင့် လူနာအသက်ကယ်ရန် ပဓာနဖြစ်ခဲ့ပြီး မည်သည့်လူနာကိုမဆို ကယ်တင်ရန်မှလွဲ၍ အခြားဘာမှ မရှိကြောင်း"ရိုက်ကူးတင်ပြထားသည်။

(SKY)

## မြေပဲနှစ်ပမာဏကို တဖြည်းဖြည်းချင်း ပိုမိုစားသုံးခြင်းဖြင့် ကလေးများ ဓာတ်မတည့်မှုများကို ပိုမိုခံနိုင်ရည်ရှိလာ

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မောင့်ဆိုင်းနိုင်းဆေးရုံမှ လေ့လာမှုတစ်ခုအရ မြေပဲအပေါ် ဓာတ်မတည့်မှု အတိုင်းအတာမြင့်မားသော ကလေးများသည် ထိန်းချုပ်ထားသော မြေပဲနှစ်ပမာဏကို တဖြည်းဖြည်းချင်း ပိုမိုစားသုံးခြင်းဖြင့် ဓာတ်မတည့်မှုများကို ပိုမိုခံနိုင်ရည်ရှိလာကြောင်း မကြာသေးမီက တွေ့ရှိခဲ့သည်။

ယင်းနည်းလမ်းသည် လက်ရှိကုထုံးများထက် ပိုမိုစိတ်ချရပြီး စရိတ်သက်သာသဖြင့် ဓာတ်မတည့်မှုကုသရာတွင် လူတစ်ဦးချင်းစီအလိုက် ကုသမှုပုံစံသစ်များကို ဦးတည်စေနိုင်ပြီး အစားအစာဓာတ်မတည့်မှုများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပုံကို ပြောင်းလဲစေနိုင်မည်ဟု ဦးဆောင်သုတေသီ စကော့ဆီချယ်ရာက ရှင်းပြသည်။

မြေပဲဓာတ်မတည့်မှု အတိုင်းအတာမြင့်မားသော ကလေးများသည် ဈေးမှဝယ်ယူထားသော မြေပဲနှစ်ကို တဖြည်းဖြည်းချင်း စားသုံးခြင်းဖြင့် မြေပဲကို ရှောင်ကြဉ်သူများထက် ဓာတ်မတည့်မှုကို ပိုမိုခံနိုင်ရည်ရှိလာသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

SCI





## Duo Lipa က အိန္ဒိယနိုင်ငံတွင် မွမ်ဘိုင်း ဖျော်ဖြေပွဲတွင် ပရိသတ်ကို လှုပ်ခတ်နိုင်ခဲ့

အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့တွင် ကျင်းပခဲ့သည့် ဒူအာလီပါ၏ ဂီတပွဲတွင် Baadshah ရုပ်ရှင်မှ ရှာရွတ်ခန်၏ သီချင်းနှင့်အသံရောသီဆိုခဲ့၍ ပရိသတ်များနှစ်ခြိုက်အားပေးမှုနှင့်အတူ တစ်ကွင်းလုံးကို လှုပ်ခတ်နိုင်ခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဒူအာလီပါက သူ၏နာမည်ကြီးသီချင်း သီချင်းကို Baadshah ရုပ်ရှင်ထဲမှ ရှာရွတ်ခန်၏ ဇာတ်ဝင်တေး Woh ladkJo နှင့် ရောနှောသီဆိုခဲ့သည်။

ပရိသတ်များက ဘောလိဝုဒ်အနုပညာဘုရင်ဟု သတ်မှတ်ထားသည့် ရှာရွတ်ခန်၏ ဇာတ်ဝင်တေးနှင့်ရောနှောသီဆိုဖျော်ဖြေခဲ့မှုအပေါ် တစ်ခဲနက်အားပေးခဲ့ကြပြီး ပွဲတစ်ကွင်းလုံး လှုပ်ခတ်ဆူညံခဲ့ကြသည်။

(SKY)

0-0-0-0-0-0-0

## G Dragon နှင့် Vogue ဖေဖော်ဝါရီအင်တာဗျူးတွင် ထပ်မံ၍ အံ့အားသင့်ဖွယ်တစ်ခု ချပြ

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန် (ခေါ်)ကွမ်ဂျီယောင်းသည် ဖေဖော်ဝါရီလထုတ် Vogue မဂ္ဂဇင်းနှင့် အင်တာဗျူးတွင်ထပ်မံ၍ အံ့အားသင့်ဖွယ်တစ်ခုကို ချပြခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်သည် မပြောမဆို ထွက်ရှိလာသည့် သီချင်းနှစ်ပုဒ်ဖြစ်သည့် Power နှင့် Home Sweet Home မှာ စံချိန်သစ်တင်နိုင်ခဲ့ပြီး လက်ရှိကေပေါ့ပ်မျိုးဆက်သစ်များကို ကျော်လွန်ကာ ထိပ်ဆုံးနေရာ ရရှိထားသည်။

ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် GDYB Gala စတိတ်တွင်လည်း ဘစ်တန်းအဖွဲ့ဝင်ယောင်းတေယောင်းနှင့်တွဲ၍ ကမ္ဘာကျော်အနုပညာရှင်များကြားတွင် တောက်ပခဲ့သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ Vogue မဂ္ဂဇင်းနှင့်အင်တာဗျူးတွင် သီချင်းသစ်ထပ်မံ ထွက်ရှိမည်ဟု ထပ်မံ၍ အံ့အားသင့်ဖွယ်ကြေညာသွားသည်တွင် "၂၀၂၅ ကို သီချင်းသစ်များနှင့်နှုတ်ဆက်ပါမည်။ တစ်ရက်ရက်တွင် ပရိသတ်အတွက် ထပ်မံ၍ စပရိုက်လုပ်ပေးမည်ဖြစ်၍ စောင့်မျှော်ပေးကြပါနော်"ဟူ၍ အင်တာဗျူးတွင် ပြောကြားသွားခဲ့သည်။

(SKY)

0-0-0-0-0-0




## Willa Fitzgerald ၏ Serial Killers လူကြိုက်များခဲ့

ဟောလိဝုဒ်အနုပညာရှင် မင်းသမီးဝီလာဖစ်တ်ဂါရက်ဒ် ပါဝင်ထားသည့် Serial Killers မှာ ပရိသတ်အားပေးမှုမြင့်မားစွာနှင့် လူကြိုက်များသော ရုပ်ရှင်ဖြစ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဇာတ်ကားကို ဂျေတီမော်လနာရ်က ဇာတ်ညွှန်းရေးသားရိုက်ကူးထားကာ သည်းထိတ်ရင်ဖိုဇာတ်ကားဖြစ်ပြီး ဇာတ်အိမ်လှည့်ကွက်များနှင့် ထုံမွမ်းထားကာ ရင်သပ်ရှုမောဖြစ်အောင် ရိုက်ကူးတင်ပြထားသည်။

ယင်းဇာတ်ကားမှ ဇာတ်ကောင်များ၏ ပျော့ညံ့မှုကို အပြစ်တင်ဝေဖန်ကြသူများသော်လည်း မင်းသမီးဝီလာဖစ်တ်ဂါရက်ဒ်၏ သရုပ်ဆောင်မှုကိုမူ လူကြိုက်များခဲ့ကြသည်။

ချောမောလှပရုံသာမက သရုပ်ဆောင်စွမ်းရည်လည်း ပြည့်ဝသူဖြစ်၍ ကြည့်ရှုသူ ပရိသတ်အကြိုက်တွေ့ခဲ့ကြကာ အဓိကသရုပ်ဆောင်နေရာမှ ပညာစွမ်းပြသမှုများကို ရသသစ်တစ်မျိုး ခံစားရအောင် သရုပ်ဆောင်ပြသထားသည်။ (SKY)



## Wang Yibo အပါအဝင် တရုတ်အနုပညာရှင်များ 2025 China Audio Visual Gala ပွဲတက်

တရုတ်အနုပညာလောကမှ ကျင်းပခဲ့သည့် 2025 China Audio Visual Gala ပွဲသို့ အနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြရာ ဝမ်ရိဘိုနှင့် ရှောင်းကျန့်လည်းပါဝင်၍ ပရိသတ်စိတ်ဝင်စားမှု မြင့်မားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုသည် Weibo Night ပွဲတော်တွင် အကျော်ကြားဆုံးရုပ်ရှင်သရုပ်ဆောင်ဆုကို ရရှိပြီး ရှောင်းကျန့်က တစ်နှစ်တာအလွှမ်းမိုးဆုံး သရုပ်ဆောင်ဆုကို ရရှိခဲ့ကြကာ ဖက်ရှင်စတိုင်လ်နှစ်မျိုးနှင့် ပရိသတ်ဂယက်ထစေရာဖြစ်ခဲ့ကြသည်။

အနုပညာရှင်များစုံလင်စွာ တက်ရောက်ခဲ့သည့် လက်ရှိပွဲတော်တွင် ပရိသတ်များ ဝမ်ရိဘိုနှင့် ရှောင်းကျန့်ကို အထူးစိတ်ဝင်စားခဲ့ကြရာမှ အနက်ရောင်ဖက်ရှင်စတိုင်လ်အပြည့်နှင့်အတူ ကင်မရာကိုယ်စီကိုင်၍ တက်ရောက်လာသည်ကို မြင်တွေ့ခဲ့ကြရသည်။

နိုင်ငံပိုင်ပလက်ဖောင်းများတွင်လည်း ဝမ်ရိဘို၏ Xuexi Qiangguo official Weibo က မော်တော်ဆိုင်ကယ်ပိုစတာနှစ်ခုတင်၍ ဂုဏ်ပြုပေးထားသည်။

(SKY)

0-0-0-0-0-0

## ကာတာအိမ်ရှေ့မင်းသား ရှိတ်ခ်တာမင်မ်ဘင်ဟာမဒ်အယ်လ်သာနီ အီရန်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် သွားရောက်ခဲ့

**တီဟီရန် ဖေဖော်ဝါရီ ၂၀**

ကာတာအိမ်ရှေ့မင်းသား ရှိတ်ခ်တာမင်မ်ဘင်ဟာမဒ်အယ်လ်သာနီသည် ဒေသတွင်းတင်းမာမှုများ မြင့်တက်နေချိန်တွင် အီရန်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် ယမန်နေ့က လာရောက်ပြီး အီရန်၏အမြင့်ဆုံးခေါင်းဆောင်ဖြစ်သူ အယာတိုလာ အလီခါမေနီ၊ သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ရှိတ်ခ်တာမင်မ်သည် တီဟီရန်မြို့တော်၌ အီရန်နိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သူ အယာတိုလာအလီခါမေနီနှင့် ဦးစွာတွေ့ဆုံခဲ့ကာ နှစ်နိုင်ငံဆက်ဆံရေးအပြင် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ အပြန်အလှန်စိတ်ဝင်စားသည့်ကိစ္စရပ်များအကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။

လက်ဘနွန်နှင့် ဂါဇာတို့တွင် လပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားပြီးနောက် ပြန်လည်ထိန်းသိမ်းထားသည့်အချိန်နှင့် သမ္မတ ဘာရှားအယ်လ်အာဆတ်ကို ဖယ်ရှားပြီးနောက် ဆီးရီးယားတွင် အသွင်ကူးပြောင်းရေးအစိုးရဖွဲ့စည်းကာ ဒေသတွင်းတင်းမာမှုများ ဆက်လက်မြင့်တက်နေသည့်အချိန်တွင် အဆိုပါအိမ်ရှေ့မင်းသား အီရန်နိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့ခြင်းဖြစ်သည်။

ဒေသတွင်းတင်းမာမှုများကို အသိအမှတ်ပြုပြီး အခြေအနေကို ပြေလည်အောင်ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံများအား ပိုမိုပူးပေါင်းဆောင်ရွက်ရန် ရှိတ်ခ်တာမင်မ်က တိုက်တွန်းခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တောင်ကိုရီးယားနိုင်ငံ၏ ထုတ်ပယ်ခံသမ္မတ ယွန်းဆွတ်ယူးလ် ဆိုးလ်တရားရုံးသို့ ပထမဆုံးအကြိမ်စစ်ဆေးမှုခံယူရန် ရောက်ရှိ



**ဆိုးလ် ဖေဖော်ဝါရီ ၂၀**

တောင်ကိုရီးယားနိုင်ငံ၏ ထုတ်ပယ်ခံသမ္မတ ယွန်းဆွတ်ယူးလ်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆိုးလ်တရားရုံးသို့ ပထမဆုံးအကြိမ်စစ်ဆေးမှုခံယူရန် ရောက်ရှိလာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဒီဇင်ဘာ ၃ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်ပုန်ကန်မှု ဦးဆောင်သည်ဟု ယွန်းစွပ်စွဲခံထားရသည်။

တရားရေးဝန်ကြီးဌာန၏ယာဉ်တန်းက ယွန်းဆွတ်ယူးလ်ကို ဆိုးလ်အကျဉ်းထောင်မှ တရားရုံးသို့ပို့ဆောင်ခဲ့ရာ တရားရုံးအပြင်ဘက်တွင် လုံခြုံရေးအတွက် ရဲကားများ စီတန်းရပ်နေခဲ့သည်။

အမှု၏လေးနက်မှုကို ထည့်သွင်းစဉ်းစားပြီး အမှုစစ်ဆေးမှုကို မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန် အစိုးရရှေ့နေများက တောင်းဆိုခဲ့သော်လည်း ယွန်း၏ရှေ့နေများကမူ မှတ်တမ်းများကို ပြန်လည်သုံးသပ်ရန် အချိန်ပိုလိုသည်ဟု ပြောကြားခဲ့သည်။

ယွန်းဆွတ်ယူးလ်ဘက်မှ အမှုရှုံးကာ ပြစ်မှုထင်ရှားစီရင်ခံရပါက ထောင်ဒဏ်နှစ်ရှည်ကျခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။

Mon

## သမ္မတ ရှီကျင့်ဖျင် လာရောက်လည်ပတ်မည်ကို မျှော်လင့်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြား



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

တရုတ်သမ္မတ ရှီကျင့်ဖျင် အမေရိကန်ပြည်ထောင်စုသို့ လာရောက်လည်ပတ်မည်ကို မျှော်လင့်သည်ဟု ဖေဖော်ဝါရီ ၁၉ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ထုတ်ဖော်ပြောကြားခဲ့သော်လည်း ထိုခရီးစဉ်အတွက် အချိန်ကာလမပါရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သတင်းထောက်များအား လေတပ်လေယာဉ်တစ်စင်းပေါ်တွင် ထိုသို့ပြောကြားခဲ့ပြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေး သဘောတူညီချက်သစ်တစ်ခု ပေါ်ပေါက်လာနိုင်သည်ဟု ထရမ့်က ထည့်သွင်းပြောဆိုသည်။

ရှီအနေဖြင့် ၂၀၂၃ ခုနှစ်နိုဝင်ဘာလတွင် တရုတ်သမ္မတအဖြစ် အမေရိကန်ပြည်ထောင်စုသို့ ပဉ္စမအကြိမ် လည်ပတ်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်နှင့် ထိပ်သီးအစည်းအဝေးတစ်ခုအတွက် သွားရောက်ခဲ့စဉ်ကလည်း နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာဆက်သွယ်မှုများ ပြန်လည်စတင်ရေးနှင့် ဖင်တနီးလ်ထုတ်လုပ်မှုထိန်းချုပ်ရေးသဘောတူညီချက်များ ရရှိခဲ့သည်။ ထရမ့်နှင့်ရှီတို့သည် ထရမ့် ရာထူးစတင်မည့် အချိန်မတိုင်မီ ဇန်နဝါရီ ၂၀ ရက်က စကားပြောခဲ့ကြပြီး တစ်တော့နှင့်ကုန်သွယ်ရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

လွန်ခဲ့သောအပတ်က ရှီနှင့် စကားပြောခဲ့သည်ဟု ပြောကြားခဲ့သော်လည်း ထိုစကားဝိုင်း၏ အကြောင်းအရာများကို အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အသေးစိတ်မကြေညာဘဲ လျှို့ဝှက်ထားခဲ့ကြောင်း သိရသည်။

Mon

## ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကြောင့် ရေခဲမြစ်များ ပိုမိုမြန်ဆန်စွာ အရည်ပျော်လျက်ရှိသည်ဟု ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

ကမ္ဘာ့ရေခဲမြစ်များသည် ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုကြောင့် ယခင်ကမှတ်တမ်းတင်ထားသည်ထက် ပိုမိုမြန်ဆန်စွာ အရည်ပျော်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

တောင်တန်းရေခဲမြစ်များနှင့် ရိုးရိုးရေခဲမြစ်များသည် ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသောလူသားများအတွက် ရေချိုအရင်းအမြစ်ကို ဖြည့်စွမ်းပေးနေပြီး ၎င်းတို့ အပြည့်အဝအရည်ပျော်ပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ကို ၃၂ စင်တီမီတာ(၁၃ လက်မ) အထိ မြင့်တက်စေနိုင်မည်ဖြစ်သည်။

ယခုနောက်ပိုင်းတွင် အဆိုပါရေခဲမြစ်များထဲရှိ ရေခဲပမာဏ ၆၅၀၀ ဘီလီယံတန် သို့မဟုတ် ၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့သည်။

ထို့ပြင် အရည်ပျော်နှုန်းလည်း မြင့်တက်လာလျက်ရှိရာ လွန်ခဲ့သောဆယ်စုနှစ်အတွင်း ရေခဲမြစ်များဆုံးရှုံးမှုသည် ၂၀၀၀-၂၀၁၁ ကာလထက် သုံးပုံတစ်ပုံကျော် ပိုမိုများပြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ သုတေသနအဖွဲ့ ၃၅ ဖွဲ့မှ ဒေသဆိုင်ရာသုံးသပ်ချက် ၂၃၀ ကျော်ကို ပေါင်းစပ်ကာ ရေခဲမြစ်များအရည်ပျော်နှုန်း မည်မျှမြန်ဆန်ပုံကို စောင့်ကြည့်လေ့လာပြီး အနာဂတ်တွင် ရေခဲမြစ်များ မည်သို့ပြောင်းလဲလာမည်ကို ဆက်လက်ခန့်မှန်းသွားမည်ဖြစ်ကြောင်း သိရသည်။

Mon





## ခရီးသည်တင်မီးရထားတစ်စင်း ဆင်အုပ်ကြီးကိုဝင်တိုက် ခရီးသည်များဒဏ်ရာမရဘဲ ဆင်ခြောက်ကောင် သေဆုံး

**ကိုလံဘို ဖေဖော်ဝါရီ ၂၀**

သီရိလင်္ကာရှိ ခရီးသည်တင်မီးရထားတစ်စင်း ဖေဖော်ဝါရီ ၂၀ ရက်က ဆင်အုပ်ကြီးကိုဝင်တိုက်မိပြီး လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးသည်များ ထိခိုက်ဒဏ်ရာရသူမရှိသော်လည်း ဆင်ခြောက်ကောင်သေဆုံးခဲ့ရာ သီရိလင်္ကာနိုင်ငံတွင် အဆိုးရွားဆုံး သတ္တဝါများနှင့်ပတ်သက်သော မတော်တဆမှုတစ်ခုဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ခရီးသည်တင်အမြန်ရထားသည် ကိုလံဘိုမြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ သတ္တဝါဘေးမဲ့တောအနီးတွင် ခရီးနှင်နေစဉ် နံနက်ခင်းအရုဏ်တက်ချိန်၌ မီးရထားလမ်းပေါ်ဖြတ်ကျော်နေသော ဆင်အုပ်ကြီးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## အမေရိကန်အခြေစိုက် ဖရေယာဘက်ထရီထုတ်လုပ်ရေးကုမ္ပဏီ နည်းပညာအသစ်ချမှတ်ကာ တီဝမ်းအင်နာဂျီဟု အမည်ပြောင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်တွင် ဖရေယာဘက်ထရီထုတ်လုပ်ရေးကုမ္ပဏီက ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံတန် ဘက်ထရီစွမ်းအင်သိုလှောင်ရေးစနစ် စက်ရုံတည်ဆောက်ရန်စီမံချက်များကို ဖျက်သိမ်းပြီးနောက် တီဝမ်းအင်နာဂျီဟုအမည်ပြောင်းလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုတွင် နေရောင်ခြည်စွမ်းအင်သုံးနှင့် ဘက်ထရီသိုလှောင်ရေးဦးဆောင်နေရာမှ ထောင်လိုက်ပေါင်းစည်းထားသော ကုမ္ပဏီတစ်ခုဖြစ်လာရန် ရည်မှန်းထားကြောင်း အမည်ပြောင်းလဲပြီး နည်းပညာအသစ်ချမှတ်ထားသည်ဆိုသော ယင်းကုမ္ပဏီက တက္ကဆက်ပြည်နယ် အော်စတင်မြို့ရှိ ရုံးချုပ်အသစ်မှ ကြေညာခဲ့သည်။

တရုတ်ဘက်ထရီ ဈေးနှုန်းချိုသာမှုများကြောင့် ဘက်ထရီထုတ်လုပ်၍ ငွေကြေးရှာဖွေရန် ပိုမိုခက်ခဲလာသည်ဟု လွန်ခဲ့သောဩဂုတ်လက ရင်းနှီးမြှုပ်နှံသူများကို အမှုဆောင်အရာရှိချုပ်ဟောင်း တွမ်အိုင်နာဂျင်ဆင် ပြောကြားခဲ့ဖူးကြောင်း သိရသည်။

Mon

**STOP AIDS**

**အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီ ယမန်နေ့က စမ်းသပ်လွှတ်တင်သော ဖဲလ်ကွန်-၉ ဒုံးပျံမှပြုတ်ကျလာသော အစိတ်အပိုင်းတစ်ခုကို ပိုလန်နိုင်ငံတစ်နေရာတွင် ရှာဖွေတွေ့ရှိရစဉ်။**

Mon



# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့်ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

သတင်းစဉ်

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

သရက် ဖေဖော်ဝါရီ ၂၀

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ၊ ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင်လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စော်ထက်(သရက်)

## မီးဘေးလုံခြုံရေး အသိပညာပေး၊ မီးငြှိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြသ

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေး အောင်မြေသာစံ မြို့နယ်၊ ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်၊ ၂၆လမ်းနှင့် လမ်း၈၀ထောင့်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် မန္တလေးခရိုင်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများအား ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀နာရီက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ ဓာတ်ဆီမီးလောင်မှု၊ ဂတ်စ်မီးလောင်မှု၊ မော်တော်ယာဉ်မီးလောင်မှုများအား လက်တွေ့မီးငြှိမ်းသတ်ခြင်းသရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။



မီးငြှိမ်းသတ်မှုသရုပ်ပြသခြင်းကို မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ မန္တလေးခရိုင်အတွင်းမှ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(မန္တလေး)မန်နေဂျာနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဓဲပုံ)

(ဝ၄၅)

## လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ပြုလုပ်

မိုင်းယောင်း ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက လူကုန်ကူးမှု အန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းက မြန်မာနိုင်ငံတွင် ယနေ့ အများဆုံး တွေ့ရှိရသော လူကုန်ကူးမှုပုံစံများမှာ အဓမ္မထိမ်းမြားခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ သူတောင်းစားအဖြစ် ခိုင်းစေခြင်း စသည်တို့ဖြစ်ကြောင်း၊ လူကုန်ကူးခံရခြင်းကြောင့် ခံရသူတစ်ဦးချင်းအနေဖြင့် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နစ်နာသကဲ့သို့ နိုင်ငံအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း အမျိုးအနွယ်ပျက်စီးခြင်း၊ ဂုဏ်သိက္ခာထိခိုက်ခြင်း၊ လူသားအရင်းအမြစ်များ လျော့ပါးခြင်းတို့ စသည်ဖြင့် ထိခိုက်နစ်နာရကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က ရွှေ့ပြောင်းသွားလာသူများအနေဖြင့် အန္တရာယ်မှ နည်းနိုင်သမျှ နည်းစေရေးအတွက် UNIAP နှင့် မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့က ပူးပေါင်းထုတ်ဝေထားသော လက်ကမ်းစာစောင်ပါအချက်များ အကြောင်းကို ဆွေးနွေးခဲ့ကြသည်။




အဆိုပါ Talk Show ကို Social Media Platforms များဖြစ်သည့် Facebook Page၊ YouTube၊ Tik Tok နှင့် Telegram Channel တို့တွင် လွှင့်တင်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

ဝေဝေနိုင်(ပြန်/ဆက်)

## မုံရွာမြို့ ဘူတာရုံလမ်းပုံနှိပ်တိုက် မီးလောင်

မုံရွာ ဖေဖော်ဝါရီ ၂၀

မုံရွာ၊ ရုံးကြီးရပ်ကွက်၊ ဘူတာရုံလမ်း၊ အော့(ဖ်)ဆက်ပုံနှိပ်တိုက်တွင် ဖေဖော်ဝါရီ ၁၈ ရက် ညနေ၅ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားသည်။

အော့(ဖ်)ဆက်ပုံနှိပ်တိုက်၏ အပေါ်ထပ်ဘုရားခန်းတွင် တပ်ဆင်ထားသည့် မိန်းဘရိတ်ကာတင်ရာမှ ဝါယာရှော့ဖြစ်ကာ မိန်းဘရိတ်ကာမှတစ်ဆင့် အဲယားကွန်းနှင့်အမိုးမျက်နှာကြက်များအား မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် အလျားပေ ၃၀၊ အနံ ပေ ၂၀ ခန့်ရှိ ပုံနှိပ်တိုက်အပေါ်ထပ်၏ (၂)ပေ ပတ်လည်မျက်နှာကြက် (၂၅)ချပ်နှင့် အဲယားကွန်းတစ်လုံးတို့ မီးလောင်ကျွမ်းဆုံးရှုံးခဲ့သည်။

မီးအား ပေါ့ဆစွာ အသုံးပြုသူအား အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၃၉၄)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။



## ချမ်းအေးသာစံမြို့နယ်တွင် မီးလောင်မှု ဖြစ်ပွား

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၆)၊ (၈၆B)လမ်း၊ လမ်း၃၀နှင့် ၃၁ လမ်းကြားတွင် ယနေ့ နံနက် ၃ နာရီ ၅၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သန္တေ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ဦးသည် မီးငြှိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ် ၅ စီးဖြင့် ဝိုင်းဝန်း၍ မီးငြှိမ်းသတ်ခဲ့ကာ နေအိမ် ၆ လုံး မီးလောင်ခဲ့ပြီး မီးလောင်သည့်အကြောင်းအရင်း ဆုံးရှုံးမှုတန်ဖိုးများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဓဲပုံ)(ဝ၅၇)

****ရှေ့ဖုံးမှ****

စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ဒုတိယအဆင့်)ရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ချင်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများအတွက် ရိက္ခာငွေကျပ် သိန်း ၅၀၀၊ ချင်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်း အစုံ ၅၀ နှင့် DVB T-2 Set Top Box အလုံး ၁၀၀၊ ယာယီနေရပ်စွန့်ခွာ မိသားစုများအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ၊ ငွေကျပ် ၄၅၀၀၀၀၀ တန်ဖိုးရှိ ပေ (၁၀၀× ၃၀×၁၈)အရွယ် Green House တစ်လုံးနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ချင်းတိုင်းရင်းသား ရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ချင်းအမျိုးသားနေ့ပွဲတော် အထိမ်းအမှတ် မီးပုံပွဲတော်ကို ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ-ဝ

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**


ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်မှခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတကာ အားကစား သတင်းများ

## ကူဘိုအား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လီဗာပူး ဖေဖော်ဝါရီ ၂၀**

လီဗာပူးအသင်းသည် ဆိုစီဒက်အသင်း တောင်ပံကစားသမား ကူဘိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ဆိုစီဒက်အသင်းကလည်း ကူဘိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဆိုစီဒက်အသင်းထံမှ ကူဘိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဟယ်ရီကိန်း ခြေသလုံးဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရဖွယ်ရှိ

**မြူးနစ် ဖေဖော်ဝါရီ ၂၀**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း ခြေသလုံးဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက ဆဲလ်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာပြဿနာနှင့်ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၆ ပွဲကစားပြီး ၇၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)



## ဘယ်လင်ဟမ် အနီကတ်အတွက် ၂ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၀**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် အနီကတ်အတွက် ၂ပွဲပယ်ပြစ်ဒဏ်အား စပိန်ဘောလုံးအဖွဲ့ချုပ်(REEF)က ချမှတ်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းနှင့် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ကွင်းလယ်ဒိုင်အား ဆဲဆိုစော်ကားခဲ့သည့် အပြုအမူကြောင့် တိုက်ရိုက်အနီကတ်ပြသ၍ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၇ပွဲ ကစားပြီး ၃၄ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (ယာပုံ)

စပိန်ဘောလုံးအဖွဲ့ချုပ် (REEF) ထုတ်ပြန်ချက်တွင် "ဘယ်လင်ဟမ်အား ၂ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ သူ့အနေနဲ့လည်း နောက်နောက်ယခုလို ပြုမူမှုမျိုးမပြုလုပ်ရန် အသိပေးခဲ့ပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)



## 2025 Qatar ExxonMobil Open တင်းနစ် ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

ကာတာနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား Luca Nardi အား ၆-၁၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Qatar Exxon Mobil Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ချက်တင်းနစ်ကစားသမား Jiri Lehecka တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ)(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* မန်ချက်စတာယူနိုက်တက်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်း လူငယ်ကစားသမား ဂျီယိုဗာနီ ကွန်ဒါအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိအချိန် စပိန်လာလီဂါ ဥက္ကဋ္ဌ ဂျာဗီးယားတီဘက်စ်၊ ဒိုင်အဖွဲ့ချုပ်တို့နှင့် အဆင်မပြေမှုများ ရှိနေခြင်းကြောင့် စပိန်လာလီဂါမှ ထွက်ခွာပြီး နိုင်ငံခြားလိဂ်တစ်ခုခုသို့ ပြောင်းကစားရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)



## ပီအက်စ်ဂျီအသင်းမှ ယူရို သန်း ၂၀၀ ဖြင့် ကမ်းလှမ်းခံရသော်လည်း ယာမဲလ် ဘာစီလိုနာအသင်းတွင် ဆက်ရှိသွားမည်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၀**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ယာမဲလ်သည် ပီအက်စ်ဂျီအသင်းမှ ယူရို သန်း ၂၀၀ဖြင့် ကမ်းလှမ်းခြင်းခံရသော်လည်း အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါတောင်ပံကစားသမားကို လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းအပြင်၊ ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသော်လည်း ၎င်းက ဘာစီလိုနာအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၃ ပွဲကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမဲလ်က "ကျွန်တော် ဘာစီလိုနာအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါသေးတယ်။ ပြီးတော့ ကျွန်တော်ရဲ့ စာချုပ်သက်တမ်း ကျန်ရှိနေသေးသလို၊ ဒီအသင်းမှာပဲ ပျော်ရွှင်နေပါတယ်"ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၂-၂၀၂၅ | (၁၉)လက်စတာ - ဘရန့်ဖို့ဒ်(၁၁) | လက်စတာ ၂-၂ဘရန့်ဖို့ဒ် | လက်စတာ(အိမ်) | ၁၃ | ၂ | ၃ | ၈ | ၁၁ | ၂၃ |
| နံနက်၀၂း၃၀နာရီ | (ဘရန့်ဖို့ဒ်၄-၁ လက်စတာ) | ဘရန့်ဖို့ဒ်၁-၁လက်စတာ | ဘရန့်ဖို့ဒ်(ဧည့်) | ၁၂ | ၃ | | ၂ | ၇ | ၁၄ | ၁၇ |

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၂-၂၀၂၅ | (၈)ဘရစ္စတိုး - မစ်ဒယ်ဘရော့(၁၁) | ဘရစ္စတိုး၃-၁မစ်ဒယ်ဘရော့ | ဘရစ္စတိုး(အိမ်) | ၁၆ | ၈ | ၅ | ၃ | ၂၃ | ၁၂ |
| နံနက်၀၂း၁၅နာရီ | (မစ်ဒယ်ဘရော့ ၀-၂ ဘရစ္စတိုး) | မစ်ဒယ်ဘရော့၁-၂ဘရစ္စတိုး | မစ်ဒယ်ဘရော့(ဧည့်) | ၁၅ | ၅ | ၃ | ၇ | ၂၆ | ၂၄ |
| ၂၂-၂-၂၀၂၅ | (၃)ဘန်လေ - ရှက်ဖီးလ် Wed(၉) | ဘန်လေ၃-၁ရှက်ဖီးလ်Wed | ဘန်လေ(အိမ်) | ၁၆ | ၈ | ၈ | - | ၁၈ | ၄ |
| နံနက်၀၂း၃၀နာရီ | (ရှက်ဖီးလ်Wed၀-၂ဘန်လေ) | ရှက်ဖီးလ်Wed၁-၁ဘန်လေ | ရှက်ဖီးလ်Wed(ဧည့်) | ၁၆ | ၇ | ၂ | ၇ | ၂၀ | ၂၅ |

## ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၂-၂၀၂၅ | (၁၃)ရင်းနက်စ် - ရမ်းစ်(၁၄) | ရင်းနက်စ် ၃-၁ရမ်းစ် | ရင်းနက်စ်(အိမ်) | ၁၂ | ၆ | ၁ | ၅ | ၁၉ | ၁၁ |
| နံနက်၀၂း၁၅နာရီ | (ရမ်းစ် ၂-၁ ရင်းနက်စ်) | ရမ်းစ် ၂-၁ ရင်းနက်စ် | ရမ်းစ်(ဧည့်) | ၁၀ | ၃ | ၃ | ၄ | ၁၃ | ၁၅ |

## ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၂-၂၀၂၅ | (၅)ဖရိုင်းဘတ် - ဝါဒါဘရီမင်(၁၀) | ဖရိုင်းဘတ် ၁-၀ ဝါဒါဘရီမင် | ဖရိုင်းဘတ်(အိမ်) | ၁၀ | ၇ | ၁ | ၂ | ၁၉ | ၁၃ |
| နံနက်၀၂း၀၀နာရီ | (ဝါဒါဘရီမင် ၀-၁ ဖရိုင်းဘတ်) | ဝါဒါဘရီမင် ၃-၁ ဖရိုင်းဘတ် | ဝါဒါဘရီမင်(ဧည့်) | ၁၁ | ၅ | ၂ | ၄ | ၂၀ | ၂၂ |

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၂-၂၀၂၅ | (၁၅)လက်ချီ - အူဒီးနီးစ်(၁၀) | လက်ချီ ၀-၂ အူဒီးနီးစ် | လက်ချီ(အိမ်) | ၁၂ | ၃ | ၅ | ၄ | ၉ | ၂၁ |
| နံနက်၀၂း၁၅နာရီ | (အူဒီးနီးစ် ၁-၀ လက်ချီ) | အူဒီးနီးစ် ၁-၁ လက်ချီ | အူဒီးနီးစ်(ဧည့်) | ၁၂ | ၃ | ၄ | ၅ | ၁၄ | ၂၀ |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၂-၂-၂၀၂၅ | (၁၄)ဆဲလ်တာဗီဂို - အိုဆာဆူနာ(၉) | ဆဲလ်တာဗီဂို ၀-၂ အိုဆာဆူနာ | ဆဲလ်တာဗီဂို(အိမ်) | ၁၂ | ၇ | ၂ | ၃ | ၂၁ | ၁၃ |
| နံနက်၀၂း၃၀နာရီ | (အိုဆာဆူနာ ၃-၂ ဆဲလ်တာဗီဂို) | အိုဆာဆူနာ ၀-၃ ဆဲလ်တာဗီဂို | အိုဆာဆူနာ(ဧည့်) | ၁၁ | ၁ | ၆ | ၄ | ၇ | ၁၆ |

## ၂၀၂၄-၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၁-၂-၂၀၂၅ | ညနေ ၃း၃၀ နာရီ | (၃)ဟံသာဝတီ - မြဝတီ(၁၂) | ဟံသာဝတီ ၂-၀ မြဝတီ |
| သောကြာနေ့ | (သုဝဏ္ဏကွင်း) | (မြဝတီ ၀-၁ ဟံသာဝတီ) | မြဝတီ ၁-၁ ဟံသာဝတီ |



# (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် တက်ရောက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ ရန်ပယ်အားကစားကွင်း၌ (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယမန်နေ့ နံနက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်၊ တောင်တွင်းကြီးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းထွန်းနိုင်၊ တောင်တွင်းကြီးမြို့နယ် အရှိချင်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဆလိုင်းသန်းဌွေးတို့က (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ရန်ပယ်အားကစားခန်းမတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခွန်သန့်ဇော်ထူးက ပေးပို့သော (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာအား မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးထွန်းခင်က ဖတ်ကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ်၊ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့မှ အရှိချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများက မြူဆူနွတ်၊ ချစ်တဲ့ ချင်းတောင်တန်းမြေ၊ ချစ်တဲ့တောင်တန်းမြေ၊ ချင်းတောင်တန်းမှ ကြိုဆိုပါ၏၊ အောက်ချင်းငှက်အက၊ ပိုင်ပိုင်ယော့ ပချိုင်းယော့၊ စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ်၊ လက်တီး စသည့် တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*-*-*

# ပါကစ္စတန်နိုင်ငံ၌ ကျင်းပမည့် စီးပွားရေးညီလာခံတွင် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များတက်ရောက်ရန် ကမ်းလှမ်းမှုရရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၀**

ပါကစ္စတန်နိုင်ငံ၊ အစ္စလာမာဘတ်မြို့တွင် ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၆ ရက်မှ ဧပြီ ၂၁ ရက်အထိ ကျင်းပမည့် 2nd ASEAN - Pakistan Business Opportunities Conference တွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ တက်ရောက်ရန် ကမ်းလှမ်းမှု ရရှိထားသည်။

အဆိုပါပွဲတွင် ချည်ထည်နှင့် အဝတ်အစားများ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ သားရေ၊ ငါးလုပ်ငန်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ အဖျော်ယမကာ၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ စသည့် နယ်ပယ်တွင် လုပ်ကိုင်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြမည် ဖြစ်သည်။

အဆိုပါပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား အသွား၊အပြန်လေယာဉ်လက်မှတ်၊ နေထိုင်စားသောက်စရိတ်နှင့် ပြည်တွင်းသွားလာစရိတ်များကို ASEAN Pakistan Cooperation Fund က ကျခံပေးသွားမည်ဖြစ်ကြောင်း၊ လျှောက်ထားလိုသူများအနေဖြင့် အမည်၊ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ Passport ဓာတ်ပုံ တစ်ပုံ၊ နိုင်ငံသား လက်မှတ်မိတ္တူ တစ်စုံနှင့် Hard Copy ဖြင့် ဂျကာတာမြို့ရှိ ပါကစ္စတန်သံရုံးသို့လည်းကောင်း၊ Soft Copy အား parefjakarta@mofa.gov.pk နှင့် parepjakarta@gmail.com email များသို့ တိုက်ရိုက်ပေးပို့နိုင်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇၄၀၈၆၂၂၊ E-mail:event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# ကင်းတားတာမံရေလွှဲဆည်မှ နွေသီးနှံအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး

**မြစ်သား ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ကင်းတားတာမံရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ပြီး စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသတွင်းသီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေးအတွက် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစွာ ရယူသုံးစွဲနိုင်ရန် နှစ်စဉ် ကင်းတားရေလွှဲဆည်မှ ဆည်ရေများကို စမာမြောင်းနှင့် ပန်းလောင်မြောင်းကြီးတို့မှတစ်ဆင့် လယ်ယာမြောင်းခွဲများမှ စိုက်ခင်းများအရောက် စနစ်တကျ ရေဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးသွားနိုင်ရေးအတွက် စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်သည်။

မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီအတွက် ဒေသရှိတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်ရေပေးဝေမှုအနေနဲ့ ဆည်ရေသောက်သီးနှံများဖြစ်သည့် နွေစပါး၊ နွေနှမ်းနှင့် အခြားနွေသီးနှံများအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှ ဇွန် ၂၅ ရက်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ဒေသခံတောင်သူများက စိုက်ပျိုးရေများရယူသုံးစွဲရာတွင် ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျ ရယူသုံးစွဲကြဖို့ ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း မြစ်သားမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*-*-*-*-*-*-*



# ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**နတ်မောက် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် KG ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ထို့သို့ အာဟာရကျွေးမွေးရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာကြီး ဦးမင်းဆွေနှင့် ဆရာ၊ ဆရာမများက KG ကျောင်းသား၊ ကျောင်းသူ ၆၃ဦးအား အသားဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ် စသည့်တို့ ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများ ကျွေးမွေးသည်။ ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရန်၊ အာဟာရအကြောင်း အသိပညာပေးခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ နေ့လယ်စာ စားပြီး သွားတိုက်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ အာဟာရကျွေးမွေးရာသို့ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၆၅)**

# (၁၀)လတာ ကာလအတွင်း ပြည်ပသို့ ပုစွန်တန်ချိန် ခုနစ်ထောင်ကျော် တင်ပို့ထား

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ၁၀ လတာ ကာလအတွင်း ပြည်ပသို့ ပုစွန် တန်ချိန် ၇၀၀၀ ကျော် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှ ဇန်နဝါရီလကုန်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၈ သန်း တန်ဖိုးရှိ ငါး၊ ပုစွန် တန်ချိန် ၅၆၇၀ ဒသမ ၄၇၈ တန် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၉၅ သန်း တန်ဖိုးရှိသည့် ပုစွန်တန်ချိန် ၁၃၅၇ ဒသမ ၉၄ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းမှ ထွက်ရှိသည့် ငါး၊ ပုစွန် စသည့် ရေထွက်ကုန်များကို ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

ရေငန်ပုစွန်များကို ပြည်ပသို့ တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ပြုတ်၍လည်းကောင်း၊ ဂျပန်နိုင်ငံသို့ အေးခဲ၍လည်းကောင်း တင်ပို့လျက်ရှိကြောင်း ပြည်ပသို့ လက်ရှိထက် ပိုမိုတင်ပို့နိုင်ရန် ပင်လယ်ပြင်တွင် ဖမ်းဆီးမှုထက် တိုးချဲ့မွေးမြူရေးကို ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီ ရေငန်ပုစွန်မွေးမြူရာတွင် ရေငန်နှုန်း ကျဆင်းခြင်းကြောင့် ပုစွန်ကြီးထွားနှုန်းကျဆင်းခြင်း၊ ရောဂါပိုးဝင်ခြင်းများရှိခဲ့သည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးရာသီကာလတွင် ပုစွန်လျှော့မွေးပြီး နွေရာသီ၌ ပိုမိုမွေးမြူထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*-*-*

# MFVP Organic Certificate အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ် ပေးအပ်

MFVP Organic Certificate ရရှိရန် လျှောက်ထားလာသော "Ngu Farm" နှင့် "Mya Thazin Aein Coffee Farm" တို့အား စစ်ဆေးပြီးစီး၍ အောင်မြင်သည့်အတွက် အဆိုပါ ခြံ(၂)ခြံ၏ MFVP Organic Certificate ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က အသင်းရုံးခန်း၌ ဥက္ကဋ္ဌက ပေးအပ်ခဲ့သည်။



လက်ရှိတွင် MFVP Organic Certificate ရရှိထားသည့်ခြံ စုစုပေါင်း ၃၁ ခြံရှိပြီး သက်တမ်းတိုးရန် လိုအပ်နေသည့် ခြံများအား စစ်ဆေးရေးမှူးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကာ မကြာမီသက်တမ်းတိုးလက်မှတ်အသစ်များ ထုတ်ပေးသွားမည် ဖြစ်သည်။

MFVP Organic Certificate ၏ သက်တမ်းမှာတစ်နှစ်ဖြစ်ပြီး တစ်နှစ်ပြည့်လျှင် စစ်ဆေးရေးမှူးများက ပြန်လည်ကွင်းဆင်းစစ်ဆေး၍ သက်တမ်းတိုးလုပ်ငန်းစဉ်များ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ MFVP Organic Certificate ရရှိထားသည့် ခြံများ၏ စာရင်းနှင့်သက်တမ်းကျော်လွန်မှု ရှိ၊မရှိကို အသင်းဝက်ဘ်ဆိုက် https://mfvp.org/ecm-org-mfvp/user/organiccertifiedfarmlistmm.xhtml တွင် ကြည့်ရှုနိုင်သည်။

Organic လက်မှတ်လျှောက်ထားရန် စိတ်ဝင်စားသည့် စိုက်ပျိုးရေးခြံများအနေဖြင့်လည်း MFVP အော်ဂဲနစ်အစီအစဉ် အကြောင်းကို အသင်းဝက်ဘ်ဆိုဒ် www.mfvp.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သလို အသင်းရုံးဖုန်း Viber ၀၉-၄၃၁၂၇၆၅၆ သို့ လည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမန်း**



# ပြည်တွင်းသကြားထုတ်လုပ်မှု ပုံမှန်ရှိသော်လည်း ပြည်တွင်းသကြားစားသုံးမှု လျော့ကျနေ

ပြည်တွင်း သကြားစက်များ၏ ပုံမှန်ထုတ်လုပ်မှုရှိသော်လည်း ပြည်တွင်းသကြားထုတ်လုပ်မှုမှာ လျော့ကျနေသောကြောင့် သကြားဈေးမှာလည်း အနည်းငယ် ကျဆင်းနေကြောင်း သိရသည်။

သကြားစက်များ လည်ပတ်နေသည်မှာ နှစ်လနီးပါးရှိလာပြီး ပုံမှန်ထုတ်လုပ်နိုင်သောကြောင့် ယခုနှစ်တွင် တန်ချိန် ၅ သိန်းခန့် ထွက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားပြီး နှစ်စဉ် ပြည်တွင်းသကြားစားသုံးသူမှာ တန်ချိန် ၃ သိန်းကျော်ခန့် ရှိရာ ပြည်တွင်း၌ ပိုလျှံသကြားများ တန်ချိန် ၂ သိန်းခန့် ရှိနိုင်ကြောင်း သကြားကုန်သည်များက သုံးသပ်ထားသည်။

"သကြားစက်တွေ လည်နေတာ နှစ်လနီးပါးရှိနေပါပြီ။ စက်ရုံနယ်မြေအလိုက် ကြံအားလုံး ကြိတ်ဝါးနိုင်အောင် လည်ပတ်သွားမှာပါ။ နှစ်စဉ် ပုံမှန်သကြားထွက်နှုန်းက တန်ချိန် ၅ သိန်းခန့် ရှိပါတယ်။ ပြည်တွင်းစားသုံးမှုက တန်ချိန် ၃ သိန်းကျော် ရှိပါတယ်။ ပိုလျှံသကြားတွေကို နိုင်ငံခြားတင်ပို့လေ့ရှိပေမယ့် လက်ရှိမှာ ပြည်တွင်းသကြားဈေးထက် နိုင်ငံတကာသကြားဈေးက ကျဆင်းနေတော့ တင်ပို့နိုင်ခြင်း မရှိသေးပါဘူး။ ဒီတော့ ပြည်တွင်းမှာ သကြားပိုလျှံမှုများပြီး ဈေးအနည်းငယ် ကျဆင်းနေတာပါ။ လက်ရှိ သကြားပေါက်ဈေးက တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ခန့် ရှိပါတယ်။ ဒီဈေးထက်တော့ ဆက်လက်ကျဆင်းစရာ မရှိပါဘူး" ဟု သကြားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၂၀၂၅ ခုနှစ် ကြံရာသီတွင် သကြားစက်များ ဇန်နဝါရီလဆန်းပိုင်းက စတင်လည်ပတ်ထုတ်လုပ်နေပြီး ပြည်တွင်းသကြားဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀-၅၁၀၀ ပေါက်ဈေးရှိနေရာမှ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ၄၇၀၀-၅၀၀၀ ပေါက်ဈေးဖြစ်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ခန့် ဈေးကျဆင်းသွားသည်။

ပြည်တွင်း သကြားသုံးစွဲမှုမှာလည်း လျော့ကျနေပြီး ပြည်ပတင်ပို့နိုင်မှုလည်း မရှိသေးချိန်ဖြစ်သည်။ လက်ရှိ နိုင်ငံခြားတင်ပို့နိုင်ခြင်း မရှိခြင်းမှာ ပြည်ပသကြား ဈေးကျဆင်းနေခြင်းကြောင့် ဖြစ်သည်။

ယခင်နှစ်ကလည်း သကြားတန်ချိန် ၅၀၀၀၀-၆၀၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ပြီး နိုင်ငံတကာသကြားပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၀ ခန့်သာ ပေါက်ဈေးရှိနေပြီး ပြည်တွင်း သကြားပေါက်ဈေးထက် လျော့ကျနေခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*-*-*

# ဆောင်းသီးနှံနေကြာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု)သွင်းအားစုပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမတွင် ၂၀၂၄-၂၀၂၅ခုနှစ် ဆောင်းသီးနှံနေကြာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ(ပြည်ထောင်စု) သွင်းအားစု ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက အဆိုပါခန်းမတွင် ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးမင်းနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ဆောင်းသီးနှံအပြင် ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာသီးနှံများတိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးစေရေးပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးက စီမံကိန်းလုပ်ငန်းကို စုဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိသားစုဝင်ငွေများ တိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားစေရန်၊ ဒေသထွက်ကုန်များကို အခြေခံပြီး စီးပွားရေးလုပ်ငန်းများ လည်ပတ်စေရန်၊ စီးပွားရေးငွေအရင်းအမြစ်စဉ်ဆက်မပြတ်ရရှိစေရန်၊ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးသွင်းအားစုများ အသီးသီး ပေးအပ်ခဲ့သည်။ ထို့နောက် ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံနေကြာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု) သွင်းအားစုပေးအပ်ခြင်းနှင့်ပတ်သက်၍ နိဂုံးချုပ်အမှာစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**(အပေါ်ဝဲပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# စံပြကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ပျော်ကုန်းကျေးရွာတွင် ခေတ်မီစံပြကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပျော်ကုန်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသည်။ ၄င်းခေတ်မီစံပြကျေးရွာစီမံကိန်း ဆောင်ရွက်ရာတွင် အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးအတွက် အလျား ပေ ၂၉၀၊ အနံ ပေ ၈၀၊ အနက် ၆ ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ ကျေးရွာတွင်း စွန့်ပစ်အမှိုက် စနစ်တကျစွန့်ပစ်နိုင်ရေး အမှိုက်ကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ကျေးရွာသူ၊ ကျေးရွာသားများ စာပေလေ့လာဖတ်ရှုနိုင်ရေး ကျေးရွာ စာကြည့်တိုက်တွင် စာအုပ်စင်နှစ်စင်၊ သုတရသစာအုပ် ၈၀ အုပ်နှင့် Wireless Wifi (22Mbps) တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ၄င်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။




အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၆၉)**

*-*-*-*-*-*-*

# နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံ



**ဥတ္တရသီရိ ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းကျေးရွာအုပ်စုအတွင်းရှိ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဘုရားကုန်းကျေးရွာရှိ စိုက်ပျိုး၊ စီးပွားအသိပညာပေးစင်တာ၌ ဆောင်ရွက်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းထွန်းနှင့် မောင်းရမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းညွန့်တို့က အထွက်နှုန်းကောင်းမွန်သော စပါးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ နွေစပါးနှင့် နွေသီးနှံအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေး၊ ရေမလွှတ်မီ ရေမြောင်းများကြိုတင်ရှင်းလင်းနိုင်ရေး ဆွေးနွေးပေးခဲ့ပြီး တက်ရောက်လာသည့် ဒေသခံတောင်သူများမှ သိရှိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။


**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*




## အရေပြားကို Dry Brush တိုက်ပေးခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးများ




ညစ်ပတ်ပေနေတဲ့အဝတ်အစားတွေနဲ့ ညစ်ပတ်နေတာတွေသန့်ရှင်းသွားဖို့အတွက် ဆပ်ပြာထည့်ပြီး Brush (ဘရက်ရှ်)နဲ့ တိုက်ကြပါတယ်။ အဲလိုပဲ ခန္ဓာကိုယ်အရေပြားပေါ်က အညစ်အကြေးတွေကို သန့်စင်သွားဖို့အတွက် ရေချိုးဆပ်ပြာတိုက်ကြတာတွေပြုလုပ်တာက သန့်ရှင်းသွားတာမှန်ပေမယ့် အပေါ်ယံဖုန်မှုန့်နဲ့ အညစ်အကြေးတွေကိုပဲ ဖယ်ရှားပေးနိုင်တာဖြစ်ပါတယ်။ အရေပြားပေါ်က ဆဲလ်သေတွေနဲ့ ချွေးပေါက်ထဲပိတ်နေတဲ့ အညစ်အကြေးတွေဖယ်ရှားဖို့အတွက် ဂျေး(ကြေး)ချွတ်ခြင်း၊ scrub တိုက်တာတွေပြုလုပ်ပေးနိုင်သလို Dry Brush တိုက်ပေးတာတွေလည်း လုပ်နိုင်ပါတယ်။ Dry Brush ဆိုတာက သစ်သား(သို့)ဝါးသား စသည်ဖြင့် သဘာဝကရတဲ့ နူးညံ့တဲ့ဖိုက်ဘာ အမျှင်လေးတွေနဲ့ ပြုလုပ်ထားတာကြောင့် အသုံးပြုတဲ့အခါမှာ နာကျင်မှု၊ ယားယံမှုမဖြစ်စေတဲ့အပြင် သွေးလည်ပတ်မှု ကောင်းစေပါတယ်။ Dry Brush ကို ရေမချိုးခင်မှာ ခန္ဓာကိုယ်အနှံ့ ညင်သာစွာ ပွတ်တိုက်ပေးခြင်းဖြင့် ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး ဆဲလ်အသစ်တွေဖြစ်ပေါ်စေတဲ့အပြင် အဆီပြင် (Cellulite) ဖြစ်ပေါ်ခြင်းကို သက်သာစေပါတယ်။ ပိတ်နေတဲ့ချွေးပေါက်တွေကိုပွင့်စေပြီး Body lotion လိမ်းတဲ့အခါနဲ့ ပေါင်းတင်တဲ့အခါမှာ ပိုပြီး ထိရောက်စေပြီး အသားအရေလှပစေပါတယ်။ တင်းနေတဲ့ ကြွက်သားတွေကိုပြေလျော့စေပြီး ဖောခြင်း၊ ယောင်ရမ်းခြင်းတွေကိုလည်း သက်သာစေပါတယ်။ အရေပြားပေါ်က အဆိပ်အတောက်တွေကိုလျော့ကျစေပြီး အသားအရေကိုလည်း တင်းရင်းစေပါတယ်။ အသားအရေလှပခြင်းအတွက်သာမက ကျန်းမာရေးအတွက်ပါ အထောက်အကူဖြစ်စေတဲ့ Dry Brush ကို အနည်းဆုံး ၁၅ ရက်တစ်ခါလောက် ပြုလုပ်ပေးသင့်ပါတယ်။

**Daisy**

## နေ့စဉ်ဘဝမှာ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းပြီး ရောဂါကာကွယ်ဖို့အတွက် စားသုံးသင့်တဲ့ အစားအစာ အုပ်စု(၃)စု

နေ့စဉ်ဘဝတွင် စားသုံးသော အစားအစာများ၌ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်သန်စွမ်းဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတတဲ့ အစားအစာများကို နေ့စဉ်စားသုံးဖို့လိုပါတယ်။ နေ့စဉ် စားသုံးသော အစားအစာများတွင် အခြေခံ အာဟာရအုပ်စု (၃)စု ခွဲခြားနိုင်ပါတယ်။

**(၁)ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစာအုပ်စု**

ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေတဲ့ အစာအုပ်စုဖြစ်ပြီး ပရိုတင်း(ခေါ်) အသားဓာတ် ပါဝင်တဲ့ အစားအစာများဖြစ်ပါတယ်။ လူသားများရဲ့ ခန္ဓာကိုယ်ကြီးထွားရန်နဲ့ ဉာဏ်ရည်ဖွံ့ဖြိုးရန်အတွက် အရေးကြီးတဲ့ ဓာတ်တစ်ခုဖြစ်တာကြောင့် မျှတတဲ့ အာဟာရကိုရရှိဖို့ ကျွန်တော်တို့ နေ့စဉ်စားသုံးတဲ့ အစာအစားတွေမှာ ဒီအစားအစာတွေ တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်နေဖို့ လိုအပ်ပါတယ်။အသားဓာတ်ကို တိရစ္ဆာန်မှရတဲ့ အသားတွေက ရနိုင်သလို ပဲအမျိုးမျိုးမှလည်း ရနိုင်ပါတယ်။ အသားဓာတ်လို့ပြောတဲ့အခါမှာ ကျွန်တော်တို့ နေ့စဉ် ဈေးမှာဝယ်လို့ရတဲ့ ဝက်သား၊ အမဲသား၊ ကြက်သား၊ ဘဲသား၊ ဆိတ်သား၊ ငါးအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ပုစွန်၊ သွေးအမျိုးမျိုး၊ အသည်း၊ နို့ စတဲ့အရာတွေ အားလုံးပါဝင်သလို ပဲအမျိုးမျိုးကနေလည်း အသားဓာတ်ကို ရနိုင်ပါတယ်။ ပဲအမျိုးမျိုး၊ ပဲအားလုံး(ပဲကြီး၊ ပဲနောက်၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲလွန်း၊ ပဲထောပတ်၊ မြေပဲ အစရှိသည်တို့ ပါဝင်ပါတယ်။ ဒါ့အပြင် အထက်ပါ ပဲတွေနဲ့ပြုလုပ်ထားတဲ့ မုန့်ပဲသရေစာတွေနဲ့ ပဲပြား၊ တို့ဟူး စသည့်အရာတွေ အားလုံးပါဝင်ပါတယ်။ နို့နှင့် နို့ထွက် အစားအစာတွေကနေ အရိုးတွေကို ကျန်းမာ၊ ကြံ့ခိုင်စေတဲ့ ထုံးဓာတ်(ခေါ်) ကယ်လ်စီယမ်ဓာတ်တွေလည်း ပေါများစွာ ရရှိပါတယ်။

**(၂)အင်အားဖြစ်ထွန်းစေသော အစာအုပ်စု**

အင်အားဖြစ်ထွန်းစေတဲ့ အစာအုပ်စုဖြစ်ပြီး ကာဗွန်ဟိုက်ဒြိုက်ဓာတ် (သို့မဟုတ်) ကစီဓာတ်ပါဝင်တဲ့ အစားအစာတွေဖြစ်ပါတယ်။ အဲဒီဓာတ်ဟာ လူသားတွေရဲ့ လှုပ်ရှားသွားလာရာမှာလိုအပ်တဲ့ စွမ်းအင်ကို ပေးနေတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ နေ့စဉ်စားသုံးတဲ့ အစားအစာတွေမှာ တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်ဖို့လိုအပ်ပါတယ်။ အဲဒီဓာတ်ကို နေ့စဉ်စားသုံးနေတဲ့ ထမင်းအပြင် ဆန်မှုန့်၊ ပြောင်းမှုန့်၊ ကောက်ညှင်းမှုန့်၊ ဂျုံမှုန့်တို့နှင့် ပြုလုပ်ထားတဲ့ အစားအစာတွေ၊ မုန့်တွေအပြင် ပေါင်မုန့်၊ ဘီစကွတ်၊ နံပြား ၊ ဆီ၊ ထောပတ်၊ ခေါက်ဆွဲ၊ အာလူး၊ ကန်စွန်းဥ၊ ပိန်းဥ၊ ပြောင်းဖူး၊ ထန်းလျက်ခဲ၊ ကြံသကာ၊ သကြား စတဲ့ အစားအစာတွေကနေလည်း ရနိုင်ပါတယ်။

**(၃)ရောဂါအမျိုးမျိုးကို ကာကွယ်ပေးတဲ့ အစာအုပ်စု**

ရောဂါအမျိုးမျိုးတွေကနေ ကာကွယ်ပေးတဲ့ အစာအုပ်စုဖြစ်ပါတယ်။ ရောဂါတွေ မကျရောက်စေဖို့နဲ့ ကိုယ်ခံစွမ်းအားကောင်းနေစေဖို့အတွက် လိုအပ်တဲ့ဓာတ်ကတော့ ဗီတာမင်နှင့် သတ္တုဓာတ်ပဲ ဖြစ်ပါတယ်။ အဲဒီဓာတ်ပါဝင်တဲ့ အစားအစာတွေကတော့ ဟင်းသီးဟင်းရွက်မျိုးစုံနဲ့ အသီးအနှံမျိုးစုံပဲ ဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေဟာ ရောဂါကာကွယ်နိုင်စွမ်းရှိသလို ကူးစက်တတ်တဲ့ ရောဂါတွေရဲ့ အန္တရာယ်ကနေလည်း ကာကွယ်နိုင်စွမ်းရှိပါတယ်။ အရိုးတွေကို ကျန်းမာ၊ ကြံ့ခိုင်စေတဲ့ ထုံးဓာတ်(ခေါ်)ကယ်လ်စီယမ်ဓာတ်တွေဟာ ဟင်းသီးဟင်းရွက်တွေမှာလည်း ကြွယ်ဝစွာ ပါဝင်ပါတယ်။

**Daisy**

## ညဘက်နစ်ခြိုက်စွာအိပ်ပျော်စေမယ့် နည်းလမ်းများ

အိပ်စက်ခြင်းက စိတ်နဲ့ ကိုယ်ကျန်းမာရေးအတွက် အရမ်းအရေးကြီးပါတယ်။ ကောင်းမွန်စွာအိပ်ပျော်ဖို့အတွက်က အိပ်ပျော်ရလွယ်ကူတဲ့သူတွေအတွက်က ဘာမှမဖြစ်ပေမယ့် အိပ်ပျော်ဖို့ ခက်တဲ့သူတွေအတွက်တော့ အလွန်ကို ခက်ခဲပါတယ်။ ယခုခေတ်မှာ ဖုန်းနဲ့ ကွန်ပျူတာတွေ အသုံးများလာတာကြောင့် အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေပြီး စိတ်ဖိစီးမှု၊ အခြားစိတ်ပိုင်းဆိုင်ရာ အဆင်မပြေမှုတွေနဲ့ ကျန်းမာရေးအခြေအနေတွေကြောင့်လည်း အိပ်ပျော်ဖို့ ခက်ခဲတာတွေ ဖြစ်လာတတ်ပါတယ်။ ညဘက်နစ်ခြိုက်စွာအိပ်ပျော်ဖို့အတွက် ဆေးတွေရှိပေမယ့်လည်း သဘာဝအတိုင်းပြုလုပ်လို့ရတဲ့ နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ညဘက်အိပ်မပျော်လို့ဆိုပြီး နေ့ခင်းဘက်အိပ်တာမျိုးကို အကျင့်မလုပ်ပါနဲ့။ ညဘက် နစ်ခြိုက်စွာအိပ်ပျော်ဖို့အတွက် နေ့ခင်းကိုမအိပ်ဘဲ ညဘက်ကျမှ အိပ်ရာစောစောဝင်တာက ပိုကောင်းပါတယ်။

(၂) ညစာကို စောစောစားပါ။ ညစာကို ၇ နာရီ နောက်ဆုံးထားပြီး စားပေးပါ။ နောက်ကျမှစားရင် အိပ်တဲ့အခါမှာ အစာမကြေဖြစ်တတ်ပြီး အိပ်မပျော်ဘဲဖြစ်တတ်ပါတယ်။

(၃) မီးအားလုံးပိတ်ပြီးမှ အိပ်ပါ။ လျှပ်စစ်မီးရဲ့အလင်းရောင်တွေက မျက်လုံးစူးပြီး အိပ်မပျော်ဖြစ်စေတာကြောင့် မီးပိတ်အိပ်ခြင်းက ကောင်းမွန်စွာ အိပ်ပျော်စေပါတယ်။ တကယ်လို့ မီးပိတ်ရတာမကြိုက်ဘူးဆိုရင် ညအိပ်ချိန်မှာဖွင့်ရတဲ့ ညအိပ်မီးကို အသုံးပြုနိုင်ပါတယ်။

(၄) အိပ်ရာမဝင်ခင်မှာ ရေချိုးပေးခြင်းက ညဘက်နစ်ခြိုက်စွာ အိပ်ပျော်ဖို့ အထောက်အကူဖြစ်စေပါတယ်။ ညဘက်ရေချိုးရမှာ အေးတယ်ဆိုရင်တော့ ရေနွေးနွေးနဲ့ ချိုးပေးနိုင်ပါတယ်။

(၅) အိပ်ခန်းအတွင်း အပူချိန်ကို သင့်တင့်မျှတဖို့အတွက် လေအေးပေးစက်(သို့)ပန်ကာကို သေချာချိန်ပြီး ထားပေးဖို့ လိုအပ်ပါတယ်။

**Daisy**




## တစ်နေ့တာစွမ်းအင်တွေကို မြှင့်တင်ပေးမယ့် အမူအကျင့်များ

တစ်နေ့တာ တက်ကြွလန်းဆန်းစွာနဲ့ ဖြတ်သန်းနိုင်ဖို့တွက်ဆိုရင် ကိုယ်ရောစိတ်ပါ ကျန်းမာနေဖို့က အရေးကြီးပါတယ်။ နံနက်အိပ်ရာကနေ အိပ်ရေးမဝဘဲ နိုးထလာ၍ အလုပ်သွားဖို့အတွက် ပြင်ဆင်ပြီး အလုပ်ကို သွားနေရပေမယ့် နေ့စဉ်တူညီတဲ့အပြုအမူတွေကို ပြုလုပ်လာရတဲ့အခါမှာ ငြီးငွေ့လာကာ အလုပ်သာလုပ်နေရသော်လည်း စိတ်ပါလက်ပါမဖြစ်တော့ဘဲ တစ်နေ့တာဖြတ်သန်းရတာ ပင်ပန်းလာပြီး အဓိပ္ပာယ်မရှိသလို ခံစားချက်မျိုးတွေ ဖြစ်လာတတ်ပါတယ်။ ကိုယ်သတိမထားမိတဲ့ အမူအကျင့်လေးတွေကို သတိထားပြီး ပြောင်းလဲလိုက်တာနဲ့ တစ်နေ့တာလုံး စိတ်ရောကိုယ်ပါ တက်ကြွစွာ ဖြတ်သန်းနိုင်ဖို့ အတွက် စွမ်းအင်တွေကို ရရှိသွားသလို ဖြစ်သွားမှာပါ။




(၁) ညဘက်စောစော အိပ်ရာဝင်၊ အိပ်ရေးဝအောင်အိပ်ပြီး မနက်စောစောထပါ။ အိပ်ရာနိုးလာတာနဲ့ ဖုန်းကို လုံးဝမသုံးဘဲ ရေအနည်းဆုံးတစ်ခွက်သောက်ပေးပါ။

(၂) နံနက်ခင်းနေရောင်ခြည်နုနုလေးခံပေးပြီး အသက်ရှူလေ့ကျင့်ခန်းကို လုပ်ပေးပါ။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို အနည်းဆုံး ငါးမိနစ်ခန့် လုပ်ပေးပြီးရင်တော့ ရေချိုးပါ။ နံနက်ခင်းမှာ ရေချိုးပေးခြင်းက လန်းဆန်းစေပါတယ်။

(၃) နံနက်စာကို ဆီကြော်စာနဲ့ အချို၊ ကစီဓာတ်များတဲ့ အစားအစာတွေအစား ပေါ့ပေါ့ပါးပါး အစားအသောက်တွေကို ဗိုက်ပြည့်ရုံစားပေးပါ။ အထူးသဖြင့် ပရိုတင်းဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကို စားပေးပါ။ တစ်နေ့တာစားတဲ့အစားစာမှာ ကျန်းမာတဲ့အဆီဓာတ်နဲ့ အမျှင်ပါတဲ့ အစားအစာတွေကို စားပေးပါ။

(၄) ကော်ဖီသောက်သုံးခြင်းကလည်း လန်းဆန်းတက်ကြွဖို့အတွက် အထောက်အကူဖြစ်စေပြီး သကြားနဲ့နို့မထည့်ဘဲ သောက်တာပိုကောင်းပါတယ်။ တကယ်လို့ ထည့်ပြီးသောက်မယ်ဆိုရင်လည်း အချိုလျှော့ပြီး သောက်ပေးပါ။

(၅) ရေများများ သောက်ပေးဖို့လည်း လိုအပ်ပါတယ်။

(၆) သန့်ရှင်းသပ်ရပ်တဲ့ အဝတ်အစားနဲ့ ခန္ဓာကိုယ်အရွယ်အစားနဲ့ကိုက်ညီပြီး မကျပ်လွန်း၊ မချောင်လွန်းတဲ့ အဝတ်အစားကို ဝတ်ဆင်ခြင်းက သက်သောင့်သက်သာဖြစ်စေပါတယ်။

**Daisy**

## အာဂုံ ပြန်/ရေးဖြေစာမေးပွဲကြီး ကျင်းပ



**အောင်လံ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ နာယကဆရာတော်ကြီးများ ဦးစီးကျင်းပသော အောင်လံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနပါလ (၂၂)ကြိမ်မြောက် စာမေးပွဲကြီးကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီက အောင်လံမြို့ပြည်လုံးချမ်းသာဆုတောင်းပြည့်အေး စေတီတော်မြတ်ကြီး၌ ကျင်းပခဲ့သည်။

အဆိုပါ ပရိယတ္တိသာသနပါလ စာမေးပွဲအသင်းကြီးတွင် စာဖြေသံဃာ စုစုပေါင်း ၄၀ ပါး၊ ရဟန်း ၅ ပါး၊ သာမဏေ ၃၅ ပါး၊ အခြေပြုမူလတန်း ၃၀ ပါး၊ ပထမဆင့် ၆ ပါး၊ ဒုတိယဆင့် ၄ ပါး၊ စုစုပေါင်း ၄၀ ပါး ပါဝင်ဖြေဆိုကြပြီး အာဂုံပြန်/ရေး စာမေးပွဲကြီးကို တပို့တွဲလပြည့်ကျော် ၇ ရက်မှ ၁၃ ရက်အထိ ၆ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ) အာကာ(ပြန်/ဆက်)**

## စာပတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**နတ်မောက်ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား လူငယ်များ အသိပညာဗဟုသုတ တိုးတက်စေရန် ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေဗဟုသုတ လေ့လာဖတ်ရှုလာစေရန်နှင့် အနာဂတ် သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်သင်းသင်းဝေ(ဒုတိယဦးစီးမှူး) က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ဗဟုသုတဖြစ်စေမည့် စာပေများ လေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာပေ၏အကျိုးကျေးဇူးများအကြောင်း၊ ပညာသင်ယူချိန်တွင် ကျောင်းစာနှင့်အတူ ဘဝတိုးတက်ရေးစာပေများ လေ့လာစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတရရှိစေရန်အတွက် သုတ၊ ရသ စာအုပ်များ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) လုဝင်း**



## တောင်သူအသိပညာပေးလုပ်ငန်းနှင့် စိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲသင်တန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းယန်း ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊မိုင်းယန်းမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တောင်သူအသိပညာပေးလုပ်ငန်းနှင့် စိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲ သင်တန်းကွင်းဆင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက မိုင်းလွေကျေးရွာအုပ်စု၊ လောင်ကျန့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် မီးခိုးမြူ ငွေ့ညစ်ညမ်းမှု လျော့ချရေးအတွက် ကျေးရွာနေပြည်သူများအနေဖြင့် စည်းကမ်းထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ပိုင်းဝန်း ပူးပေါင်းကူညီကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ကျိုင်းတုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ငွေးရီက ယူးရီးယားဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုနည်းနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ လယ်ယာစိုက်ပျိုးမြေများတွင် ကောက်ရိုး သဘာဝမြေဩဇာ အသုံးပြုနည်းများကို လည်းကောင်း၊ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်လှဲ့လှဲ့ထွန်းမှ သီးနှံအဖျက်ကြွက် အမျိုးအစားများနှင့် ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်ယာမီးရှို့ခြင်းအစား သဘာဝဓာတ်မြေဩဇာပြုလုပ် အသုံးပြုခြင်းဖြင့် မီးခိုးမြူ လျော့ချနိုင်သည့် အကြောင်းအရာများဖြင့် လည်းကောင်း အသီးသီး ရှင်းလင်းပို့ချ ဆွေးနွေးခဲ့သည်။

အဆိုပါ တောင်သူအသိပညာပေးလုပ်ငန်းနှင့် စိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲ သင်တန်းသို့ တက်ရောက်လာသော တောင်သူများအား ကြွက်အမျိုးမျိုးနှင့် ကာကွယ်နှိမ်နင်း နည်းများဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ဒေသ

## ဖိတ်ခေါ်ပါသည် အလင်းကမ္ဘာဆီသို့

* သမိုင်းတစ်ခေတ်၊ အလင်းသစ်ဖို့
ပညာဘဏ်တိုက်၊ စာကြည့်တိုက်တို့
ဖွင့်လှစ် စီရီ၊ မြန်ရွှေပြည်။

* စကြာ အနန္တ၊ ကမ္ဘာလောကတို့
များလှ ပညာ၊ သင်လိုပါလျှင်
လာပါ ကြည့်ပါ၊ ဖတ်လှည့်ပါ။

* တန်းတူညီမျှ၊ ခွင့်လမ်းရ၍
ရွေးကြစုံစွာ၊ သိမှတ်ရာတို့
ပညာပန်းခင်း၊ စာခံတွင်းဝယ်
ရသစုံစွ၊ ပန်းပြေလိုက
စာဖတ်ကြ
သုတကြွယ်ဝ၊ တတ်သိလိုက
စာဖတ်ကြ
ကျင့်စာရိတ္တ၊ ကောင်းမွန်လိုက
စာဖတ်ကြ
တည်ငြိမ်အေးမြ၊ စိတ်ငြိမ်လိုက
စာဖတ်ကြ
တရားဓမ္မ၊ သိမြင်လိုက
စာဖတ်ကြ
ရေ့ဆက်အားမာန်၊ ထက်သန်လိုက
စာဖတ်ကြ
လူမှုဘဝ၊ မြှင့်တင်လိုက
စာဖတ်ကြ။

* စာဖတ်နာလျှင် ထိုးထွင်းမြင်၍
နှိုင်းယှဉ်ဝေဖန်၊ ပညာဉာဏ်မြင့်
ပွဲလည်တင့်လျက်၊ ထမ်းဆင့်ဝန်တာ
ပြည့်ကျိုးရွာတွက်၊ ဦးဆောင်ရွက်တည့်။
တစ်ဦးမှသည်၊ တစ်ပြည်ဆီသို့
ပညာတတ်ဖို့၊ စာဖတ်စို့
ကမ္ဘာပတ်သို့၊ စာဖတ်စို့ဟု
တိုက်တွန်းနှိုးဆော်၊ လှမ်းလို့ခေါ်သည်
ပေါင်းဖော်သနင်း၊ ဆွေမျိုးရင်းတို့။ ။

ဦးခေ

# သတင်းပဒေသာ

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၌ အမှတ်(၁၀၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကလေး)တာဝန်ရှိသူများသည် ကလေးလေဆိပ်ရှေ့ ဗိုလ်ချုပ်လမ်းမကြီးဘေးတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဆိုင်ကယ်ဦးထုပ်မဆောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

ကလေးမြို့တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်မောင်းသူများအနေဖြင့် အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်တစ်စီးနှင့် တစ်စီးကျော်တက်ခြင်း၊ ဖုန်းပြော၍ မောင်းနှင်ခြင်းများ မပြုလုပ်ကြရန်နှင့် အသိပညာပေးပြောကြားခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကာရာအိုကေ(KTV)ဆိုင်များအား စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ ၊ မရှိ စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ကာရာအိုကေ(KTV) ဆိုင်များအား စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊မရှိကို မြို့နယ်ဒီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ခန္တီးမြို့ပေါ်ရှိ ကာရာအိုကေ(KTV)ဆိုင်များ၌ ယမန်နေ့က လိုက်လံစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးဆောင်ရွက်ရခြင်းတွင် သတ်မှတ်ချိန်ကျော်လွန်၍ ဖွင့်ခြင်း၊ အသံဆူညံ၍ ပတ်ဝန်းကျင်အား အနှောင့်အယှက်ပြုခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆိုင်တွင်း မူးယစ်ဆေးဝါးများ သုံးစွဲခြင်း၊ ဖြန့်ချိရောင်းချခြင်း၊ အမျိုးသမီးများဖြင့် မြူဆွယ်ခြင်း၊ ရာဇဝတ်မှုကျူးလွန်သူများ ခိုအောင်းခြင်း စသည့် ကိစ္စရပ်များ မပေါ်ပေါက်စေရေးအတွက် လိုက်လံစစ်ဆေးခြင်းဖြစ်ပြီး (၁)လလျှင် (၁)ကြိမ် လစဉ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြ

ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် ကာလိမြို့ မီးသတ်ဦးစီးဌာနမှ ဟိုပန်ကျေးရွာ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကာလိနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲမင်းဟိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များတို့က စက်သုံးဆီဖြန့်ဖြူးရောင်းချလျက်ရှိသော ဆိုင်များတွင် မီးသတ်ဆေးဘူးများ ပြည့်စုံလုံလောက်စွာ ထားရှိမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ သက်တမ်းကျော်လွန်မှု ရှိ၊မရှိတို့ကို လိုက်လံစစ်ဆေးခဲ့ပြီး မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများနှင့် ရေစိုအဝတ်စဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများအား သရုပ်ပြဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ရေးဦးစွာ ကျေးသီးမြို့နယ်၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းကာ အခမ်းအနား တက်ရောက်လာသူများက ထောက်ပံ့ငွေများ အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးကန်တော့ပွဲပေးသူများဖြင့် စည်ကား**

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ရှိ ရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးလာရောက်သူများနှင့် အဓိဋ္ဌာန်ကန်တော့ပွဲထိုးသူများဖြင့် စည်ကားလျက်ရှိသည်။

မဟာရွှေသိမ်တော်ဘုရားသည် အဓိဋ္ဌာန်ပြုဆုတောင်းလျှင် ပြည့်ကြောင်း ဂုဏ်သတင်းကြောင့် ဘာသာတရားသက်ဝင်ယုံကြည်သူများက နေ့စဉ်လာရောက်အဓိဋ္ဌာန်ပြု ဆုတောင်းကြသည်။

"ဘုရားလာဖူးကြတယ်၊ ပြီးတော့ ပွဲပေး၊ အဓိဋ္ဌာန်ပြု လိုရာဆုတောင်း၊ ပြည့်တယ်၊ ပြည့်တဲ့သူတွေကလည်း ပွဲလာထပ်ပေးတယ်၊ အဲလိုနဲ့ နေ့တိုင်းဘုရားဖူးဧည့်သည်မပြတ်တာ၊ ယုံကြည်သူတွေလည်း များသထက်များလာတယ်၊ နေ့ကြီးရက်ကြီးတို့ ပိတ်ရက်တို့ဆိုရင် တော်တော်လေးကို စည်ကားပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်ရှိတွင် ရွှေသိမ်တော်ဘုရားတွင် ကန်တော့ပွဲဈေးနှုန်းများမှာ ငွေကျပ်တစ်သောင်းကျော်မှ ငွေကျပ်သိန်းဂဏန်းဝန်းကျင်ခန့်အထိ ဈေးနှုန်းရှိကြောင်း၊ ငှက်ပျောဖီး ၉ဖီးမှ ၁၀၈ ဖီးအထိ အမျိုးအစားပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိသည်။

ကျောက်ဆည်မြို့ရှိ မဟာရွှေသိမ်တော်ဆုတောင်းပြည့်မြတ်စွာဘုရားအား ပုဂံခေတ် အနော်ရထာဘုရင်နှင့်အရှင်အရဟံတို့က တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းနှင့်ပါးစပ်ရာဇဝင်အထောက်အထားများတွင် ဖော်ပြထားကြောင်း၊ ဘုရားမှာ မန္တလေး-ကျောက်ဆည်လမ်းနှင့်ရန်ကုန်-မန္တလေးမီးရထားလမ်းဘေးတွင်ရှိပြီး နေ့စဉ်ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## ရွှေဉမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနိယပူဇော်ပွဲ(တပေါင်းပွဲတော်)စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပင်းတယ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၏ရှေးဟောင်းသမိုင်းဝင် ရွှေဉမင်သဘာဝလိုဏ်ဂူတော်ဘုရားဗုဒ္ဓပူဇနိယပူဇော်ပွဲ(ဒေသအခေါ် တပေါင်းပွဲ)အား ၁၃၈၆ ခု တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ ရှေးရိုးအစဉ်အလာကျင်းပခဲ့မှုပုံစံဖြင့် ရက်သတ္တပတ်ခန့် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည် ဖြစ်သည်။

အဆိုပါဓနုဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသား၊ ဗမာ အစရှိသည့် တိုင်းရင်းသားမိတ်ပြည်သူများ၏ နှစ်စဉ်နှစ်တိုင်းပွဲတော်လာ၍ ရွှေဉမင်သဘာဝလိုဏ်ဂူတော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓစေတီတော် ၈၀၉၄ ဆူအားဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်များ ဆက်ကပ်လှူဒါန်း၍လည်းကောင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြ၍လည်းကောင်း၊ ဗုဒ္ဓသာသနာအကျိုးမျှော်ကိုး၍ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပေး၍လည်းကောင်း၊ ဓနုဒေသ ပင်းတယမြို့နယ်လုံးကျွတ် ဆရာတော်၊ သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ သံဃာတော်များအား နံနက်အရုဏ်ဆွမ်းဆက်ကပ်ပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခြင်းအစရှိသော ကောင်းမှုကုသိုလ်တော်များ ဆောင်ရွက်၍ မိသားစုစားဝတ်နေရေးလုပ်ငန်းများတွင် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်အဆင်ပြေစေရန် ဆုတောင်းကြသည့် ဓနုဒေသ ပင်းတယမြို့နယ်၏ ရှေးဟောင်းသမိုင်းဝင်ပွဲတော်ကြီးဖြစ်သည်။

သို့ဖြစ်၍ ရှေးရိုးရာမပျက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား မတ် ၈ ရက်မှ ၁၃ရက် မြန်မာသက္ကရာဇ်တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရာတွင် တပေါင်းလဆန်း ၁၄ ရက်တွင် ဓနုတိုင်းရင်းသားများ ဆုံဆည်းရာ နေ့အခမ်းအနား၊ မွန်းလွဲ တစ်နာရီတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် လပြည့်နေ့ နံနက် အရုဏ်တက်ချိန်၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အားကစားပွဲနှင့်ရပ်နီးရပ်ဝေးမှ ဈေးသည်များ လာရောက်ဖွင့်လှစ်ရောင်းချနိုင်ကြောင်း၊ ယခင်နှစ်များက ကျင်းပခဲ့သည့် ပွဲတော်ကာလအတိုင်း ဇာတ်သဘင်နှင့်တွဲဖက်၍ ဓနုဒေသနေတိုင်းရင်းသားများ ကပြဖျော်ခြင်းများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၃၈)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ စီဝိတဒါနသံဃာ့ဆေးရုံကြီး၊ သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီ အလှူရှင်အဖွဲ့မှ ဆွမ်းအလှူငွေကျပ် ခုနစ်သိန်းနှင့် ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် သုံးသိန်းငါးသောင်း၊ စုစုပေါင်း ငွေကျပ် တစ်သိန်းငါးသောင်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်း၊ကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်း၊ကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)**

## အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်သင်တန်း အခမဲ့ဖွင့်လှစ်ပို့ချမည်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၌ ဆုထူးပန် အဘိဓမ္မာပြန့်ပွားရေးအသင်း(မန္တလေး)က ကြီးမှူး၍ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းကို မတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ အပတ်စဉ် စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် အခမဲ့ကုသိုလ်ယူ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။

သင်တန်းကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊အောင်မြေသာစံရပ်ကွက်၊ ၁၈လမ်းနှင့် ၁၉ လမ်းကြား၊ ၈၆လမ်းရှိ မဟာဒီပဲယင်းဘုန်းတော်ကြီးကျောင်း၊ ရွှေတောင်သာဓမ္မာရုံ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် ယခင်က သင်ကြားပို့ချခဲ့သော ဆရာကြီး ဦးအောင်ဝင်း၊ ဆရာကြီး ဦးခင်မောင်သိန်း၊ ဆရာမကြီး ဒေါ်တင်တင်နွဲ့တို့က သာသနာရေးဦးစီးဌာနက ကျင်းပသော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်ရန်နှင့် ဘဝလွတ်မြောက်ရေးနှင့် ဘဝတိုးတက်ရေးအတွက် ဦးစားပေး၍ ကုသိုလ်ယူသင်ကြားပို့ချကြမည်ဖြစ်ရာ အဘိဓမ္မာတရားနာကြား သင်ယူလိုသူမည်သူမဆို အခမဲ့တက်ရောက်သင်ယူနိုင်သည်။

သင်တန်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းလိုပါက ဆုထူးပန် အဘိဓမ္မာပြန့်ပွားရေးအသင်း(မန္တလေး)မှ ဥက္ကဋ္ဌ ဦးအောင်သန်းမြင့် (ဖုန်း ၀၉-၂၀၀၇၅၇၂)၊ အတွင်းရေးမှူး ဒေါက်တာ ခင်စန်းရီ (ဖုန်း ၀၉-၇၉၄၅၅၉၂၀၂)၊ သင်တန်းမှူး ဆရာမကြီး ဒေါ်တင်တင်နွဲ့ (ဖုန်း ၀၉-၄၅၆၅၅၄၃၈၇)၊ ဆရာ ဦးခင်မောင်သိန်း (ဖုန်း၀၉-၈၈၆၆၃၄၇၅၃)၊ ဆရာ ဦးအောင်ဝင်း (ဖုန်း ၀၉-၄၄၄၀၃၁၂၅၁)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(၀၃၇)**

# သတိပြုဖွယ်သတင်းနယ်ပယ် (၁၇)

နိုင်ဗလ

ဂန္ထလောကမဂ္ဂဇင်းသည် နှစ်ဆယ်ရာစု မြန်မာစာပေအကြောင်း လေ့လာရာ၌ မပါမဖြစ် မဂ္ဂဇင်းတစ်စောင်ဖြစ်သည်။ ဂန္ထ လောကမဂ္ဂဇင်းသည် ခေတ်စမ်းစာပေပေါ်ပေါက်လာရာတွင်လည်းကောင်း၊ နိုင်ငံခြားစာပေမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားမှုကဏ္ဍမှ ပါဝင်ခဲ့သည်။

ဂန္ထလောကမဂ္ဂဇင်းကို မစ္စတာဖာနီဗယ်ဆိုသူက ထုတ်ဝေခဲ့သည်။ ၁၉၂၄တွင်"မြန်မာပြည်စာအုပ်ဆိုင်"အမည်ဖြင့် စာအုပ်ဆိုင်တစ်ဆိုင်ဖွင့်ခဲ့သည်။ ထိုစာအုပ်ဆိုင်မှ မဂ္ဂဇင်းမကျ ကက်တလောက်မကသည့် ကတ်တလောက်ဆန်ဆန် စာပေမဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ဂန္ထလောကဟု အမည်တွင်လာမည့် မဂ္ဂဇင်းကို ၁၉၂၅ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သည်။ ပထမတွင် အင်္ဂလိပ်ဘာသာသက်သက်ဖြင့် ထုတ်ဝေစေပြီး"World Of Books"ဟု ခေါ်တွင်ခဲ့သည်။ စာမျက်နှာ ၁၆မျက်နှာပါသည်။ ပါဝင်သည့်အကြောင်းအရာမှာ စာအုပ်ကြော်ငြာများ၊ အင်္ဂလိပ်စာအုပ်သစ်များမှ ကောက်နုတ်ချက်များနှင့် စာအုပ်ဆိုင်၏ မှတ်ချက်မှတ်တမ်းများသာဖြစ်သည်။ တစ်လတစ်ကြိမ်ထုတ်ဝေသည်။ ၁၉၂၈ ဩဂုတ်လတွင် မြန်မာစာပိုင်း စာမျက်နှာ ၂၀ ပါလာသည်။ တစ်စောင်လုံးမှာ ၄၈မျက်နှာ ဖြစ်သည်။

မြန်မာစာကဏ္ဍပိုင်းကို ၁၉၂၉ခု ဖေဖော်ဝါရီလတွင် ကမ္ဘာလုံးအမည်ဖြင့် အစားထိုးခဲ့သည်။ ဝေဖန်ချက်များလာရာမှ အကြံပြုချက်များတိုးခဲ့သည်။ ကမ္ဘာလုံး၊ ကမ္ဘာစာစောင်၊ ကမ္ဘာစာအုပ်၊ စာအုပ်ခေတ်၊ ကမ္ဘာလမ်းညွှန်၊ ပိဋကတ်လမ်းပြ၊ ကမ္ဘာ့ညွှန့်ပေါင်းစာ၊ သိပ္ပံစာ၊ စာပေတော၊ စာတော ပေတောစသည်ဖြင့် အကြံပြုခဲ့ကြသော်လည်း ၁၉၃၀ ဖေဖော်ဝါရီလတွင် ဂန္ထလောကဟူသော အမည်သစ်ဖြင့် ထုတ်ဝေသည်။ World Of Books ကို စတင်ထုတ်ဝေခဲ့စဉ်က မစ္စတာဖာနီဗယ်သည် ဆောင်ပုဒ်တစ်ခုကို တီထွင်ခဲ့သည်။ "The Bricks are Fallen Down, But we will Baild with Hewn Stones"ဟူသော ဆောင်ပုဒ်ဖြစ်သည်။ မြန်မာဘာသာဖြင့်"အုပ်ချပ် များပြိုလေရာ ကျောက်ဆစ်ဖြင့် တည်ဆောက်အံ့" ဟု ပြန်ဆိုပြီး မဂ္ဂဇင်းအဖုံးတွင် ပုံနှိပ်ဖော်ပြသည်။ ယင်းစာသားနှင့် ပတ်သက်၍ ဆရာကြီးတော်စိန်ခိုက မဂ္ဂဇင်းအတွဲ ၁၀ အမှတ် ၅၇ တွင် ဖေဝန်ခဲ့သည်ဆို၏ ဆောင်ပုဒ်တွင်ပါဝင်သော "အုပ်"စာလုံးပေါင်းမှားကြောင်း"အုတ်"သာ အမှန်ဖြစ်ကြောင်း အကြံပေးပြီး"မြေအုတ်များပြိုကျရာ ကျောက်အုတ်ဖြင့် တည်ဆောက်အံ့"ဖြင့် အစားထိုးသင့်ကြောင်း အကြံပြုခဲ့သည်။ နောက်ပိုင်းတွင် ဆရာကြီးအကြံပေးသော"မြေအုတ်များပြိုကျရာ ကျောက်အုတ်ဖြင့် တည်ဆောက်အံ့"ကို သဘောကျကြောင်း ပြိုကျရာနှင့် ပြိုလေရာမည်သည့်အသုံးပိုကောင်းကြောင်း ဆွေးနွေးအကြံပေးစေလိုကြောင်း ရေးသားထားသည်။

၁၉၂၀ နိုဝင်ဘာထုတ်တွင်"မြေအုတ်များပြိုလေရာ ကျောက်အုတ်ဖြင့် တည်ဆောက်အံ့"ဟူ၍ ပြောင်းလဲဖော်ပြခဲ့သည်။ ဂန္ထလောကတွင် စာတည်းအဖြစ် ဆောင်ရွက်ခဲ့သူများမှာ သခင်ဘသောင်း၊ ဦးငွေခိုင်၊ ဦးစိန်တင်၊ ဦးစိန်တင်(သိပ္ပံမောင်ဝ)၊ ဦးဝန်(မင်းသုဝဏ်)၊ ဦးမျိုးမင်း၊ ဦးချမ်းမြ၊ ဦးအုန်းဖေတို့ဖြစ်သည်။ စစ်ရိပ်စစ်ငွေ့သန်းလာသောကြောင့် ဂန္ထလောကကို ရပ်စဲခဲ့ရသည်။

"ကျွန်ုပ်တို့ သတိပေးလိုသောအချက်တစ်ခုမှာ အချို့သောသူတို့သည် တစ်ပါးသူ၏ ပြုလုပ်ပုံကို အတုခိုးယူတတ်၏၊ သူတစ်ပါး၏ နောက်ယောင်ခံလိုက်တတ်၏၊ အလွယ်ကိုကြိုက်ကြ၏၊ အဆန်းမထွက်ချင်ကြ၊ ကိုယ်ပိုင်ဉာဏ်ဖြင့်စိတ်မကူးကြ (ဝါ)စိတ်မကူးတတ်၊ သတင်းစာ၊ မဂ္ဂဇင်းတို့၏ အဓိကဝတ္တရားမှာ အများသူငါတို့အား ဉာဏ်ပညာ အမြော်အမြင် ရင့်သန်ကြီးမားလာအောင် ညွှန်ပြသင်ကြားပေးရမည်ဖြစ်သဖြင့် မိမိရည်ရွယ်ချက် ပြည့်ဝမည်မဟုတ်ချေ"ကျွန်ုပ်တို့၏ သတင်းစာဆရာများသည် သူတစ်ပါး၏ နောက်လိုက်မဖြစ်ကြစေမူ၍ ရှေ့သွားခေါင်းဆောင်ဖြစ်အောင် ကြိုးစားကြမည်" ဟု ၁၉၃၅ခုနှစ် ဇူလိုင်ထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် ရေးသားဖော်ပြဖူးသည်။

မည်သည့်သတင်းစာမဂ္ဂဇင်းမှာမဆို ခေါင်းကြီးပိုင်းပါရသည်။ ခေါင်းကြီးပိုင်းသည် သတင်းစာ မဂ္ဂဇင်းတို့၏ အာဘော်ဖြစ်သည်။ သတင်းစာ မဂ္ဂဇင်းအာဘော်ကိုသိလိုလျှင် ခေါင်းကြီးကိုဖတ်ရသည်။ အရေးကြီးသောကိစ္စတစ်ခုပေါ်လာသောအခါ ထိုကိစ္စနှင့်ပတ်သက်၍ ထိုသတင်းစာ၊ မဂ္ဂဇင်း၏ ထင်မြင်ချက်ကို သိလိုလျှင်လည်း ခေါင်းကြီးပိုင်းကိုဖတ်ရမည်ဖြစ်သည်။ သတင်းစာမဂ္ဂဇင်း၏ ရည်ရွယ်ချက်များကို ခေါင်းကြီးမှပင် ထုတ်ဖော်ရေးသားလေ့ရှိသည်။ ခေါင်းကြီးပိုင်းကို ရေးသားသူတို့မှာ တာဝန်ခံအယ်ဒီတာများ ဖြစ်ကြသည်။ ထို့ကြောင့် ခေါင်းကြီးပိုင်းများသည် သတင်းစာ၊ မဂ္ဂဇင်းတို့၏ အချုပ်စာများဟု ဆိုနိုင်သည်။ သတင်းစာ၊ မဂ္ဂဇင်းတို့၌ ပါဝင်သော အခြားအခန်းများတွင် အမှားပါသွားလျှင် ဆောင်းပါးရှင်ပေါ်၌လည်းကောင်း၊ စာပြင်ဆရာ၌လည်းကောင်း အပြစ်ကျနိုင်သော်လည်း ခေါင်းကြီးပိုင်းအမှားပါသွားပါက အယ်ဒီတာ၏ တာဝန်ဖြစ်သည်။ အယ်ဒီတာပေါ်၌ အပစ်ပုံချတော့မည်။ ငယ်သောအပြစ်ကြီးလာသည်။ ခေါင်းကြီးကစ မှားသောကြောင့် သတင်းစာ၊ မဂ္ဂဇင်းတစ်စောင်လုံး အပြစ်ရောက်သည်သာဖြစ်သည်။ ခေါင်းကြီးပိုင်းသည် ဤမျှအရေးကြီးပေသည်။

သတင်းစာတို့တွင် သတင်းစာ၏ကိုယ်စားအယ်ဒီတာတို့၏ အာဘော်ကို ဖော်ထုတ်တင်ပြသည့် ကော်လံနေရာသည် သတင်းစာခေါင်းကြီးပိုင်း (Leader) သို့မဟုတ် အယ်ဒီတာအာဘော်(Editorial ) နှင့် သတင်းမှတ်ချက်ထုတ်ဖော်ရာနေရာ ဖြစ်သည်။ မှတ်ချက်မှာ ခေါင်းကြီးအဖြစ်တင်ပြနိုင်လောက်သော်လည်း နေရာမရ၍ ခေါင်းကြီးမဖြစ်ရသည့် သတင်းအဖြစ်အပျက်များကို မိမိအာဘော်ထည့်၍ ဝေဖန်ပြခြင်းဖြစ်သည်။ သတင်းကို ပိုမိုထင်ပေါ်စေလိုခြင်း၊ သတင်းကိုအကြောင်းပြု၍ မိမိ၏ဝေဖန်ချက်ဖြင့်အကြံပြုခြင်း၊ တိုက်တွန်းခြင်း၊ အတုယူစေခြင်း၊ ရှောင်ကြဉ်စေခြင်း၊ နှိုးဆော်ခြင်း၊ ပညာပေးခြင်း စသည့်တာဝန်များကို သတင်းနှင့် မှတ်ချက်က ဖြည့်စွမ်းနိုင်သည်။

သတင်းဆောင်းပါးများသည် ရိုးရိုးဆောင်းပါးများကဲ့သို့ စိတ်ကူးမှလည်းကောင်း၊ စာအုပ်စာတန်းအကိုးအကားများမှလည်းကောင်း ထုတ်ယူသောအချက်အလက်များကို အခြေမခံဘဲ သတင်းအချက်အလက်ကို အခြေခံ၍ရေးရသည်။ သတင်းဆောင်းပါးတွင် မိမိ၏ကိုယ်ပိုင်သဘောထား ထင်မြင်ချက်ထည့်ရေးနိုင်သည်။ သတင်း၏နောက်ခံသမိုင်း၊ သတင်းနှင့် ဆက်နွယ်သော အခြားဗဟုသုတများလည်း ပေါင်းစပ်ဖော်ပြနိုင်သည်။ သတင်းစာခေါင်းကြီးပိုင်းမှာမူ သတင်းစာမူဝါဒ ဘောင်အတွင်းမှ သတင်းစာတစ်စောင်လုံးကို ကိုယ်စားပြုပြီး မိမိထင်မြင်ယူဆသမျှတင်ပြရခြင်းဖြစ်သဖြင့်တာဝန်ကြီးလေသည်။ ခေါင်းကြီးသည် သတင်းစာ၏ မူဝါဒကို ကိုယ်စားပြုနိုင်ရမည်။ ရေးသူသည် သတင်းစာမူဝါဒ၊ နိုင်ငံတော်မူဝါဒများကို ကြေညက်ထားရမည်။ နိုင်ငံရေး၊ နိုင်ငံတကာရေး၊ စီးပွားရေး၊ လူမှုရေး၊ သမိုင်း၊ ယဉ်ကျေးမှုစာပေ၊ ပထဝီ၊ သိပ္ပံစသည်တို့တွင် တီးခေါက်မိပါမှ နေ့စဉ်ခေါင်းကြီး ပိုင်ပိုင်နိုင်နိုင်ရေးနိုင်မည်ဖြစ်သည်။

ခေါင်းကြီးပိုင်းရေးသားခြင်းဖြင့် ပြည်သူတို့ ဝါဒဖြန့်ခြင်း၊ ပြည်သူကိုစည်းရုံးခြင်း၊ ပြည်သူကို လှုံ့ဆော်ခြင်း၊ ပြည်သူကိုပညာပေးခြင်း၊ ရှင်းလင်းဖွင့်ဆိုခြင်း၊ ပြည်သူကိုအကြံပေးခြင်း၊ ဝေဖန်ပိုင်းခြားပြခြင်း၊ သဘောတရားဖြန့်ဖြူးခြင်း၊ မူဝါဒကြေညာခြင်း၊ ပြည်သူကိုပန်ကြားခြင်း၊ ရန်သူကိုဆန့်ကျင်တိုက်ခိုက်ခြင်း၊ အထိမ်းအမှတ်စသည်တို့ကို လေးနက်စေခြင်း တာဝန်များကိုထမ်းဆောင်ရာရောက်ပေသည်။ ခေါင်းကြီးပိုင်းတွင် တတ်နိုင်သမျှ စာလုံးကျစ်လျစ်အောင်၊ ဖတ်ရှုလွယ်အောင် ရေးရမည်ဖြစ်သည်။ တည်ငြိမ်ရင့်ကျက် လိုရင်းတိုရှင်း ဝါကျစကားလုံးများ သုံးရမည်။ လူတန်းစားမရွေး ဖတ်နိုင်ရမည်၊ စာဖတ်တတ်ရုံမျှဖြင့် ဖတ်ရှုနားလည်နိုင်မည့် သတင်းစာသုံး မြန်မာစာ အရေးအသားများဖြင့် တင်ပြရမည်ဖြစ်သည်။ နိုင်ငံ၏ မူဝါဒကို ပြည်သူအတွင်း စွဲမြဲစေရန် ဝါဒဖြန့်စည်းရုံးရမည်၊ လှုံ့ဆော်ရမည်၊ ကြေညာချက်၊ မိန့်ခွန်း၊ အစီရင်ခံစာ၊ ဥပဒေသတင်းဖြစ်ပွားမှုတို့ကို ပြည်သူအားလုံးအစအဆုံးနားလည်နိုင်စေရန် ရှင်းလင်းပြရမည်။ သတင်းစာတစ်စောင်ကို ပြည်သူလူထု သတိပြုမိရန် လိုအပ်ပါက ခေါင်းကြီးပိုင်းဖြင့် မီးမောင်းထိုးပြရမည်။ ပြည်သူအတွက် လုပ်ဆောင်ရှောင်ကြဉ်သင့်သည်တို့ကို အကြံပေး၊ တိုက်တွန်းပြန်ကြားခြင်းဖြင့် သဘောပေါက်စေရမည်။ ပြည်သူတို့ကို အသိအမြင် ဗဟုသုတအတွေးအခေါ်များ ဖြန့်ဖြူးပေးရမည်။ ပြည်သူအား ရာသီအလိုက် ပွဲတော်၊ နေ့ကြီးရက်ကြီးများကို ခေါင်းကြီးရေးပေးရမည်ဖြစ်သည်။

ခေါင်းကြီးရေးရာ၌ သတင်းဖြစ်ပေါ်မှုကို အခြေပြု၍ ရေးပါက သတင်းသား ၁၀ရာခိုင်နှုန်း၊ သတင်းနှင့် ပတ်သက်သော မိမိအတွေ့အကြုံ ၁၀ရာခိုင်နှုန်း၊ နောက်ခံသမိုင်း ၃၀ရာခိုင်နှုန်း၊ မိမိခံစားချက် ၁၀ ရာခိုင်နှုန်းနှင့် အမြင်သဘောထား ဝေဖန်ချက် ၄၀ ရာခိုင်နှုန်း ပါဝင်ပေါင်းစပ်သင့်သည်ဟု ဆရာကြီးများက သင်ကြားလမ်းညွှန်ပေးခဲ့သည်။ Leader ဟူသည် ရှေ့ဆောင်ဖြစ်သည့်အားလျော်စွာ သတင်းဖြစ်ပေါ်မှုနောက်ကိုချည်း လိုက်မရေးဘဲ အယူအဆအဖြစ်ဖြင့် ရှေ့မှဦးဆောင်ညွှန်ပြသော ခေါင်းကြီးမျိုးစာ ဖြစ်သင့်ပေသည်။

သတင်းစာတစ်စောင်ထုတ်ဝေလျက် အရေးကြီးသည်မှာ အစိုးရသတင်းစာ၊ ပုဂ္ဂလိကသတင်းစာ ဟူ၍ အကြောင်းခွဲရသည်။ သတင်းစာထုတ်လျှင် မူဝါဒချမှတ်ရသည်။ သတင်းစာမူဝါဒနှင့် သတင်းစာသည် မည်သည့်ပုံစံဖြင့် သွားမည်။ မည်ကဲ့သို့သော စနစ်ကျင့်သုံးမည်၊ မည်ကဲ့သို့ ဆောင်ရွက်မည်ကို လက်စွဲစာအုပ်(မူဝါဒ)ကို ဦးစွာစီရင်ရပေသည်။ ထိုသို့ မစီရင်ခဲ့ပါက သတင်းစာဦးဆောင်သူ(သို့မဟုတ်) စီစဉ်သူ၊ ပိုင်ရှင်(အယ်ဒီတာချုပ်၊ အယ်ဒီတာ၊ ထုတ်ဝေသူ) ပြောင်းတိုင်းပြောင်းတိုင်း သတင်းစာ၏ ဖွဲ့စည်းပုံမူဝါဒ၊ ပုံစံများစွာ ပြောင်းလဲမှုနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ ထိုသို့ကြုံပါက မူရင်းစတင်ထုတ်ဝေစဉ်ကတည်းက ဖတ်ရှုအားပေးခဲ့သော ပရိသတ်များ ဖတ်ရှုရာတွင် စနောင့်စနင်း ဖြစ်တတ်သည်။

ထို့ပြင် သတင်းစာတိုက်တွင် ထမ်းဆောင်နေသော ဝန်ထမ်းများလည်း မလိုအပ်ဘဲ ပုံစံမကြာခဏပြောင်းရသဖြင့် တည်ငြိမ်သောသတင်းစာမဖြစ်ဘဲ လမ်းလျှောက်တတ်စကလေးကဲ့သို့ ဟိုစောင်းသည်ယိမ်းဖြင့် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု၊ စနစ်ကျမှု စွမ်းဆောင်ရည်များ ကျဆင်းထိခိုက်နိုင်ပေသည်။

သတင်းစာတိုက်လက်စွဲ (မူဝါဒ) မရှိက ၁။သတင်းရယူရေးသားရာတွင် သတင်းရေးသားပုံနှင့်မတူသော ရေးသားနည်းများ ပါဝင်လာသဖြင့် သတင်းစာဖတ်သူများ ရသပျက်စေနိုင်ခြင်း၊ ၂။ဆောင်းပါးခေါင်းကြီးများဖော်ပြမှုဟန် မတည်ငြိမ်ခြင်း၊ ၃။အယ်ဒီတာတည်းဖြတ်ပြင်ဆင်ရန် ခက်ခဲခြင်း၊ ၄။စာစီဖောင်သွင်းလုပ်ငန်း၌ အနှောင့်အယှက်ဖြစ်ခြင်း၊ ၅။Make-up,Layout Display ပြုလုပ်ရာတွင် အခက်အခဲဖြစ်လာခြင်း၊ ၆။Dummy ဖောက်ပြန်လာသဖြင့် သတင်းစာတစ်စောင်လုံး စာမျက်နှာအလိုက် ဖွဲ့စည်းပုံ ဖရိုဖရဲဖြစ်ခြင်းများ ဖြစ်ပေါ်လာမည် ဖြစ်သည်။

မည်သည့်မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာဖြစ်စေ မူဝါဒလက်စွဲ၊ Dummy စသည့် အခြေခံအချက်နှင့် သတင်းရေးသားခြင်း၊ ခေါင်းကြီး၊ ဆောင်းပါးတို့၏ အရေးပါခြင်း၊ မှန်တသောနည်းစနစ်နှင့် ကျွမ်းကျင်သော ဝန်ထမ်းကောင်းများ ရှိခြင်းတို့သည် ဆက်နွယ်နေသည်သာဖြစ်သောကြောင့် သတိပြုဗဟုသုတရစေရန် လေ့လာထားသမျှနှင့် သင်ကြားခဲ့ရသမျှ သတင်းဆိုင်ရာ သိမှတ်စရာများကို ပြန်လည်ထုတ်နုတ်ဖော်ပြလိုက်ရပေသည်။



# အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေး(၆)မြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်း ဖွင့်လှစ်ဆောင်ရွက်နေသော လုပ်ငန်းများအား လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ ဘတ်ဂျက်ကာလအတိုင်း (၁-၄-၂၀၂၅ မှ ၃၁-၃-၂၀၂၆ ထိ) တစ်နှစ်သက်တမ်းသတ်မှတ်၍ လုပ်ငန်းလိုင်စင်(အသစ်/သက်တမ်းတိုး) ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းလိုင်စင်များနှင့် စီးပွားရေးအမှိုက်သိမ်းဆည်းခ (ဟိုတယ်၊ ဆေးရုံ/ဆေးခန်း)များအား ကောက်ခံရာတွင် ယခုလက်ရှိကာလနှင့် လျော်ညီသော နှုန်းထားသို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း သက်တမ်းတိုးလျှောက်ထားမည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်လမှ ၂၀၂၆ခုနှစ် မတ်လထိ သက်တမ်းတိုးရန် ကျန်ရှိသောလအတွက်သာ ကျသင့်လိုင်စင်ကြေး ပေးဆောင်ရပါမည်။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်းအား ၁-၄-၂၀၂၅ ရက်မှစ၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စနစ်ဟောင်းမှ အသစ်သို့ ပြောင်းလဲပေးမည့် လုပ်ငန်းစဉ်ကာလအတွင်း သက်တမ်းလွန်ဒဏ်ကြေးအား (၃လ) ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မည်သည့်စီးပွားရေးလုပ်ငန်းမဆို လုပ်ငန်းလုပ်ကိုင်ခွင့် **'လုပ်ငန်းလိုင်စင်'** ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ တင်ပြလျှောက်ထားရမည်ဖြစ်ရာ လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလိုင်စင် (အသစ်/သက်တမ်းတိုး) လျှောက်ထားဆောင်ရွက်ရန်နှင့် အသေးစိတ်သိရှိလိုပါက ၂၆လမ်း၊ (၇၁လမ်းနှင့် ၇၂လမ်းကြား) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်စုံစမ်း ဆောင်ရွက်ပါရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| စီမံရေးရာဌာန | ၀၂-၄၀၆၁၆၁၉ |
| | ၀၂-၄၀၆၁၆၂၀ (လိုင်းခွဲ ၁၆၄) |
| | ၀၂-၄၀၆၁၆၂၁ (လိုင်းခွဲ ၁၆၄) |
| | ၀၂-၄၀၆၁၆၂၂ (လိုင်းခွဲ ၁၆၄) |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အောင်မြေသာစံမြို့နယ် | ၀၉-၄၄၄၀၂၁၇၇၄၊ ၀၉-၇၉၈၆၈၆၃၀၀ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းအေးသာစံမြို့နယ် | ၀၉-၂၅၆၀၃၀၀၇၄၊ ၀၉-၇၉၇၁၀၉၈၂၃ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မဟာအောင်မြေမြို့နယ် | ၀၉-၈၉၁၀၄၇၉၇၀၊ ၀၉-၇၇၆၉၆၁၁၂၃ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းမြသာစည်မြို့နယ် | ၀၉-၄၀၂၅၃၉၈၇၅၊ ၀၉-၄၀၂၅၇၆၅၅၃ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ပြည်ကြီးတံခွန်မြို့နယ် | ၀၉-၄၄၀၂၂၀၈၀၁၊ ၀၉-၄၄၁၀၄၈၀၉ |
| မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အမရပူရမြို့နယ် | ၀၉-၄၀၂၆၇၆၆၀၇၊ ၀၉-၄၃၀၇၂၂၄၁ |

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ဝိုင်း ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၀**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စာရေးဆရာ ဇန်းမော်သိန်းဖေ ရေးသားသည့် "မျှဝေလိုသော အတွေးများ(၁)" စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာရန် လိုအပ်သလို ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက "ဘဝမှာ တန်ဖိုးအရှိဆုံးဟာ အချိန်ပါ"၊ "ရည်မှန်းချက်ပန်းတိုင်များ"၊ "ပျော်ရွှင်မှုဆိုတာ"၊ "တောင်ထိပ်ရောက်ချင်ရင် တောင်ပေါ်ကိုမော့မကြည့်ပါနှင့်"စသည့် အတွေးအမြင်စာစုများအား ဖတ်ကြားခဲ့ပြီး မိမိတို့ နားလည်သဘောပေါက်သည်များအား ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာ တောင်တွင်း အောင်သက်ဦး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်၊ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ် တို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ စာအုပ်စာပေများ လေ့လာဖတ်ရှုပြီးပါက စာအုပ်ပါ အနှစ်ချုပ်အကြောင်းအရာများ၊ မှတ်သားထားသင့်သည်များအား မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန်လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင်အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းတွင် စာကြည့်တိုက်သို့ မြို့မ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) နောင်နောင်(ဗိသနိုးမြေ)**

မန္တလေး သတင်းစာတွင် ကြော်ငြာခြင်းဖြင့် သင့်စီးပွားရေးဈေးကွက်ကို မြှင့်တင်ပါ။

## ဒေါ်လာဈေးတက်လာခြင်းနှင့်အတူ ပို့ကုန်ပဲများ အတက်ဈေးဖြစ်လာ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဒေါ်လာဈေးတက်လာခြင်းနှင့်အတူ ပို့ကုန်ပဲများ အတက်ဈေးဖြစ်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲစင်းငုံမှာ ဈေးကျဆင်းမှုရပ်သွားပြီးနောက် ဒေါ်လာတက်ပြတာနှင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက် ဈေးကို မန္တလေးပဲဈေးကွက် အပိတ်နေ့တွင် ဖြစ်လာသည်။

မန္တလေးဈေးကွက်တွင် နယ်စုံမှ ကုလားပဲသစ်များ ပဲမာလိုင်းများ အသစ်ဝင်ရောက်မှုရှိလာသော်လည်း ပြည်တွင်းဝယ်လက်သာ ဝယ်ယူမျိုးဖြစ်သောကြောင့် ဈေးတည်ငြိမ်နေကြောင်း၊ ပို့ကုန်ပဲစင်းငုံပေါက်ဈေးမှာ ဒေါ်လာဈေးကြောင့် အတက်ဈေးဖြစ်လာကြောင်း၊ ပြည်တွင်းသုံးကုလားပဲနှင့် ပဲမာလိုင်းများမှာ အသစ်များ ဝင်ရောက်ချိန် ဈေးကျဆင်းနေခြင်းဖြစ်သော်လည်း လက်ရှိပေါက်ဈေးများထက် ကျဆင်းစရာမရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပို့ကုန်ပဲတွေ ဒေါ်လာဈေးတက်လာတော့ အတက်ဈေးဖြစ်လာပါတယ်။ ဒီတစ်ပတ် ပဲဈေးကွက် အပိတ်နေ့မှာ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးဖြစ်လာပါတယ်။ မတ်ပဲဈေးက အတက်ဈေး မရှိသေးပါဘူး။ ပဲမာလိုင်းအသစ်တွေကတော့ နယ်စုံကနေ ဝင်ရောက်နေပေမယ့် ဈေးကောင်းတော့ မရရှိသေးပါဘူး။ ပဲထောပတ်နဲ့ကျွန်းစားတော်ပဲတွေသာ တစ်အိတ် ငွေကျပ် ၃၅၀၀၀၀ ကျော် ဈေးရနေတာပါ။ ကျန်ပဲတွေကတော့ ငွေကျပ် ၂၀၀၀၀၀ ကျော်သာ ပေါက်ဈေးရှိနေတာပါ။ ပြည်တွင်းသုံးပဲတွေက အသစ်ဝင်ချိန် ဈေးကျဆင်းလေ့ရှိပေမယ့် လက်ရှိပေါက်ဈေးတွေထက်တော့ ကျဆင်းစရာမရှိတော့ပါဘူး။ ပြည်တွင်းသုံးကုလားပဲတွေလည်း ဈေးကွက်ထဲ ဝင်ရောက်လာပါပြီ"ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲစင်းငုံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်၂၈၅၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ) တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေး ရှိနေသည်။

အသစ်ဝင် ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၂၀၀-၉၃၀၀ ပေါက်ဈေး ရှိနေသည်။

မန္တလေး ဈေးကွက်တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ ပြောင်းဖူး(CP) ၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၄၀၀၀၊ အထွက်တိုးပြောင်း(နီ) ၅၃ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံ ဈေးကွက်မှာ ဖေဖော်ဝါရီ ၁၉ ရက်တွင် နှမ်းနက်(စမုန်)ထိပ်စ သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၇၃၀၀၀၀-၇၃၅၀၀၀၊ အက်စစ်မလွတ် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၉၀၀၀၀၊ ဆောင်းနှမ်းအသစ်များ ဝင်ရောက်လျက်ရှိရာ ဆောင်းနှမ်းနက် တစ်အိတ်လျှင် ငွေကျပ် ၅၃၅၀၀၀-၅၄၅၀၀၀၊ ဈေးကွက်အတွင်း နှမ်းမျိုးစုံ ဝင်ရောက်မှုနည်းပါးသွားကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမန်း**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်နံပါတ်(၃၈-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက (၂၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်(ဘ) ဦးဘ(ISN-၄၂၇၇၈၇)အမည်ဖြင့် ဂရန်ချထားပေးခြင်းခံခဲ့ရသည့်မြေကွက် ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံ(ရေ+မီးအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာ ဝန်ခံကတိပြုသူဖြစ်သည့် ဦးဝင်းဝင်းမင်း(ဘ)ဦးဝင်းမောင်(၉/မခန(နိုင်)၁၄၅၁၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၆၆-၃/၇၁၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်နံပါတ်(၁၆၃-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ (၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်မှာ ဦးစိုးသိန်း(ဘ)ဦးသောင်းဖေ(KWA-၇၀၇၅၂၅)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ(ရေ+မီးအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာ ဝန်ခံကတိပြုသူများဖြစ်သည့် ဦးဝင်းနိုင်(ဘ)ဦးအုန်းမောင်(၁/မညန(နိုင်)၀၀၉၂၁၇)နှင့် ဒေါ်ခင်မျိုးလှိုင်(ဘ)ဦးအုန်းမောင်(၉/ခအဇ(နိုင်)၀၀၃၃၉၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးညဏ်ထွန်း (LL.M)** **ဦးနေဇော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**၆၆-၃/၇၁၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့နေထိုင်သူ ဦးနိုင်ရဲရင့်(ဘ)ဦးဇော်ဝင်း(၁၂/ဒဂမ(နိုင်)၀၃၆၁၈၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်ရဲရင့်နှင့် ဒေါ်မေဦးခင်(ဘ)ဦးလှကို(၉/ပဥလ(နိုင်)၀၆၃၄၈၉)တို့သည် ''နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်''ကို (၁၉.၂.၂၀၂၅)ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ကွာရှင်းမှတ်ပုံတင်အမှတ်(၂၉/၂၀၂၅)ဖြင့် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးနိုင်ရဲရင့်နှင့် ဒေါ်မေဦးခင်တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ၊ အခြားမည်သည့်ကိစ္စရပ်များမဆို ပတ်သက်ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဆန်းဝေယံမင်းခန့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၄၅၀)**

**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၈၁၆၆၅၅**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၅)၊ ဦးပိုင်အမှတ်(၈၅)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ကုသိုလ်တော်နှင့် မင်းကြီးရန်နောင်လမ်းကြားရှိမြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၈၇၄/၉၀-၉၁)အရ ဒေါ်ခင်စန်း မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၁၅၆၈၆)အမည်ပေါက်သို့ မြေရာဇဝင်(၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအေးမင်း မှတ်ပုံတင်အမှတ်(၅/စကန(နိုင်)၀၇၇၆၈၄)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၄)၊ ဦးပိုင်အမှတ်(၃၄)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချွန်ချင်(ခ)နှင်းရီ(၁၃/နခန(နိုင်)၀၃၈၃၄၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၁၈)၊ ဦးပိုင်အမှတ်(၇၆)၊ ၁၃၆လမ်း၊ ၆၂လမ်းထောင့်ရှိဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်း(၉/မနတ(နိုင်)၀၂၂၉၁၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဆိုင်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၅၀၅)၊ ကျွန်းလုံးဥသျှောင်ရပ်၊ ဦးပိုင်အမှတ်(၃၁)နေ ဦးနန္ဒအောင်(ဘ)ဦးဇော်အောင်(၉/ခမစ(နိုင်)၀၇၂၁၆၁)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Aperture 1.8

Photo & Video Studio

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနန္ဒအောင်သည် ပူးတွဲဖော်ပြပါ Aperture 1.8 အမည်ဖြင့် Photo and Video Studio လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ရန် အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်ဖြင့် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်(၂၃-၁-၂၀၂၅)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၂၂၀/၂၀၂၅)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး Aperture 1.8 အမည်ဖြင့် လုပ်ငန်းဖွင့်လှစ်လျက်ရှိရာ ကောင်းသတင်းဖြင့် အမည်ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Aperture 1.8 အမည်ဖြင့် ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းကို ဦးနန္ဒအောင်၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ဖွင့်လှစ်ခြင်း မပြုလုပ်ရန်၊ ပြုလုပ်ပါက ဦးနန္ဒအောင်၏လုပ်ငန်းအကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနန္ဒအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနိုင်လင်းအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**မဟာအနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၁၀၀၀၉၂၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၇)၊ ဦးပိုင်နံပါတ်(၆၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးမြင့်သိန်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြင်နု(ခ)ဒေါ်ကျင်နု(ဘ)ဦးရီ(၉/မနတ(နိုင်)၀၂၄၄၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန်(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အေးနန္ဒာထွန်း(LL.B)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်မာလာစိုး(LL.B)** အထက်တန်းရှေ့နေ — **ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၉)၊ ဦးပိုင်နံပါတ်(၉)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၆၁၉)ဧက၊ (၆၀×၄၅)ပေ အကျယ်အဝန်းရှိ ဒေါက်တာဒေါ်နုနုအမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၃၀×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသန်းမြင့်ဆွေ(ဘ)ဦးစိုးညွန့်(၉/မရတ(နိုင်)၀၁၇၅၀၀)နှင့် ဒေါ်သီတာထွန်း(ဘ)ဦးအောင်ဆန်း(၅/ဝလန(နိုင်)၁၀၃၉၁၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ — **ဒေါ်အိအိမွန်(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ — **ဦးကြည်ယံ(LL.B)** အထက်တန်းရှေ့နေ — **ဦးစည်သူအောင်(LL.B)** အထက်တန်းရှေ့နေ — **ဒေါ်သဲမိုမိုထွန်း(LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀.၂.၂၀၂၅ ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)မှ အများသိစေရန်ကြေညာခြင်းတွင် အကွက်အမှတ်(၆၀၇)အစား အကွက်အမှတ်(၆၁၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖြည့်စွက်ဖတ်ရှုပါရန်

၁၀.၂.၂၀၂၅ ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၀)မှ အများသိစေရန်ကြေညာခြင်းတွင် ဒေါ်စန္ဒာဝင်း(ဘ)ဦးကျော်ရှိန်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား (၉/မနတ(နိုင်)၁၀၀၅၇၅)ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်ခုတ် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ် ချန်ဒရာဂီမီရေးအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာလာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးစွာအမြင်ခြင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

# ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရောဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ်တွင် ပုဂံမြို့၌ ကျင်းပခဲ့ပြီး (၆)ကြိမ်မြောက် အက်ခ်မက် ထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ ကူမင်းမြို့၌ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးတွင် အက်ခ်မက်အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံခဲ့ပါကြောင်း၊ လာမည့်(၁၁) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားရမည်ဖြစ်ပါကြောင်း၊ ယင်း(၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေး ခေါင်းစဉ်(Theme) အဖြစ် "Strengthening Socio-Economic Development towards Smart and Sustainable ACMECS" (လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ကြပါစို့)ကို အတည်ပြုရွေးချယ်ထားပြီးဖြစ်ပါကြောင်း။

### အခွင့်အရေးကောင်းတစ်ခုဖြစ်

မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်သွားနိုင်ရန်ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသယံဇာတများကို အရည်အသွေးမြင့်လူသုံးကုန်ပစ္စည်းများအဖြစ် တိုးမြှင့်ထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကို အလေးထားဆောင်ရွက်မည့် နယ်ပယ်များအဖြစ် သတ်မှတ်ထားရှိပြီး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အက်ခ်မက်လုပ်ငန်းစဉ်အောက်ရှိ ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စုံညီဆွေးနွေးပွဲအစီအစဉ်တွင် ဒုတိယဝန်ကြီး ဦးလွင်ဦးက မြန်မာနိုင်ငံမှ အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည့် အစည်းအဝေးများနှင့်အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အက်ခ်မက်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်သွားနိုင်မည့် စီမံကိန်းများနှင့် အစီအစဉ်များ၊ မြန်မာနိုင်ငံက အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေး၊ အက်ခ်မက်စီမံကိန်းများနှင့် အစီအစဉ်များကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးနှင့် အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှု ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်သုံးခုအောက်တွင်ရှိသည့် ဦးစားပေး စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များကို ပြည်တွင်းလုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆက်လက် အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့နိုင်ငံနှင့် ဒေသတွင်း ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် အစီအစဉ်များ ချမှတ်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူထားသည့် ဝန်ကြီးဌာန ၂၀ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်